# လယ်ယာ စီးပွား သတင်း
The Agri-Business News


**မျှော်မှန်းချက် (Vision)**

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။


နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (10-4-2019) အမှတ် (၇၅၂)
www.moai.gov.mm





ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆည်မြောင်းကဏ္ဍ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှုဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။



# ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများသည် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ် ဆည်များကြံ့ခိုင်မှုထိန်းသိမ်းရေးနှင့် ဆည်တမံများပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ် ဆည်မြောင်းကဏ္ဍ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှုဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မှာကြား

နေပြည်တော် မတ် ၂၈

**စိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံတွင် ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဆန်စပါးတစ်ခုတည်းသာမက အခြားအမယ်စုံသီးနှံများ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးစနစ်သို့ ဦးတည်နိုင်ခဲ့သလို အခြားတစ်ဖက်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့သည် ဆည်မြောင်းကဏ္ဍ၏ ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး တည်ဆောက်ပြီး ဆည်များ၏ သက်တမ်းကြာမြင့်လာခြင်းအပေါ် ကြံ့ခိုင်မှုထိန်းသိမ်းရေးနှင့်ဆည်တမံများပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို မဖြစ်မနေကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော် Park Royal Hotel ၌ ကျင်းပသည့် ဆည်မြောင်းကဏ္ဍပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှု Joint Irrigation Management ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။**

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Office Chief Representative ဖြစ်သူ Masayuki KARAWAWA နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော World Bank၊ ADB၊ IFAD၊ GIZ၊ Irrigation Water Management Institute၊ Yachiyo Engineer တို့မှ တာဝန်ရှိသူများ၊ စီမံကိန်းဒေသများမှ ရေသောက်မြောင်းစီမံခန့်ခွဲမှု တောင်သူအစုအဖွဲ့ (water user) များ တက်ရောက်ကြသည်။

ဆည်မြောင်းကဏ္ဍ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှု Joint Irrigation Management ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှုသာမက အခြားသောသီးနှံများကိုပါ ဘက်စုံစိုက်ပျိုးထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးစနစ်သို့ ဦးတည်ဆောင်ရွက်ရာ၌ သီးနှံများ ဖြစ်ထွန်းအောင်မြင်စေရန် ဆည်ရေသောက်စနစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေပိုမိုဖြန့်ဝေဆောင်ရွက်ပေးနိုင်ရေးသည် အထူးအရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ရေပေးမြောင်းကွန်ရက်တိုးချဲ့နိုင်ရေးအတွက် အဓိကကျသည့် တောင်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် လိုအပ်သကဲ့သို့ သတ်မှတ်ထားသော ဆည်ရေအသုံးချမှုဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဆည်ရေသောက်စနစ်များ ပိုမိုဖွံ့ဖြိုးလာရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းကဏ္ဍ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှု Joint Irrigation Management ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို ရေးဆွဲခဲ့ပြီး ဆည်မြောင်းစနစ်များနှင့် လယ်ယာသုံးရေစီမံခန့်ခွဲမှုတိုးတက်ရေး၊ ဆည်မြောင်းလုပ်ငန်းများ အကျိုးရှိ ထိရောက်စေရေး၊


စာ – ၂ သို့


## မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၇/၂၀၁၉ နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ ၁၅ ကြိမ်မြောက် အစည်းအဝေး ရေဆင်းတွင် ကျင်းပ



နေပြည်တော် မတ် ၁၈

**မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၁၉) ကို မတ် ၁၅ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မျိုးစေ့ကျွမ်းကျင်သူများ စုံညီစွာ တက်ရောက်ကြသည်။ (ပုံ)**

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ မျိုးစေ့ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးစေ့ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ကြပ်မတ်ထိန်းကျောင်းရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် မျိုးစေ့ဆိုင်ရာ ပြဿနာရပ်များကို ကြိုတင်မျှော်တွေး၍ လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Technical Working Group အဖွဲ့များက လက်ရှိဖြစ်ပေါ်နေ


စာ – ၂ သို့

# သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယဝန်ကြီး ဦးလှကျော် တက်ရောက် ပြည်သူများ လေးစားအတုယူရမည့်အသင်းများ ပေါ်ထွန်းရေး ကြိုးပမ်းရန် မှာကြား

နေပြည်တော် မေ ၁

**မြန်မာ့ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) အညီ အစိုးရ၊ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုအခြေခံအုတ်မြစ်အပေါ် ကောင်းမွန်သော စီမံအုပ်ချုပ်မှုမဏ္ဍိုင်၊ ထုတ်လုပ်မှု စွမ်းအားတိုးတက်ရေးမဏ္ဍိုင်၊ ယှဉ်ပြိုင်စွမ်းအားမြင့်မားရေး မဏ္ဍိုင်ဟူသော မဏ္ဍိုင်ကြီးသုံးရပ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှုတွင် သမဝါယမလုပ်ငန်းသည် အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် ၁၆ တွင် ကျင်းပသည့် သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။** (ပုံ)



ငွေကြေးပူးပေါင်းခြင်း၊ လုပ်အားပူးပေါင်းခြင်း၊ ဝယ်လိုအားပူးပေါင်းခြင်း၊ ရောင်းလိုအားပူးပေါင်းခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းများ အပါအဝင် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထကောင်းများဖြင့် ဆောင်ရွက်လျက်ရှိသည့် သမဝါယမလုပ်ငန်းကို ပြည်သူများက လေးစားလိုက်နာအတုယူရမည့် အသင်းများ ပေါ်ထွန်းလာရေးနှင့် သမဝါယမအသင်းများ တိုးတက်လာရေးကို မိမိတို့ အားလုံး ကြိုးပမ်းကြရမှာဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်များ၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သမဝါယမအသင်းအဖွဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့မှုများ လက်ရှိဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

သမဝါယမအသင်းအဖွဲ့ကို ၁၉၀၅ ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကာ ၁၉၂၇ ခုနှစ်တွင် သမဝါယမအသင်းများ ပိုမိုရှင်သန်ရေးအတွက် သမဝါယမဥပဒေအသစ်ကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် ထပ်မံပြင်ဆင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် သမဝါယမအသင်းအက်ဥပဒေအရ ဆိုရှယ်လစ်သမဝါယမအသင်းများ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် သမဝါယမအသင်းများကို ကိုယ်ပိုင်ဖန်တီးရပ်တည်နိုင်ခွင့်ရှိသည့် သမဝါယမဥပဒေကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

သမဝါယမစနစ်နှင့် သမဝါယမအသင်းများ ဖွဲ့စည်းရခြင်းသည် ကျေးလက် လူထုနှင့်တောင်သူများ အတိုးကြီးပေး၍ ချေးရသည်မှ လွတ်မြောက်ရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေတိုးပွားရရှိနိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သမဝါယမနည်းလမ်းနှင့် ဆောင်ရွက်ပေးရန် ရည်ရွယ်ခြင်းဖြစ်ပြီး ငွေကြေးဝန်ဆောင်မှု၊ လယ်ယာဝန်ဆောင်မှု၊ ကြိတ်ခွဲ၊ ထုပ်ပိုး၊ သိုလှောင်၊ ဈေးကွက်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လိုအပ်သည့် အရင်းအနှီးရရှိရေးအတွက် သမဝါယမအသင်းများက ထောက်ကူဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သမဝါယမ၏ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချခြင်းများမှ ရရှိလာမည့် အကျိုးကျေးဇူးများကို အသင်းသားများ ခံစားရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ယခုအခါ သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းပေါင်း လေးသောင်းကျော်၊ အသင်းသားပေါင်း လေးသန်းကျော်၏ လိုအပ်ချက်များဖြစ်သည့် အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း၊ လုပ်ငန်းသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရေး ငွေထုတ်ချေးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအတွက် လိုအပ်သည့် အရင်းအနှီးအတွက် ချေးငွေများဖြည့်ဆည်းပေးနိုင်ရေးကို စိစစ်ပြီး အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

---

## ရှေ့ဖုံး – ကမ္ဘာကြီးပူနွေးလာမှု မှ

အခြေခံအဆောက်အဦများ ပြန်လည်ပြုပြင်ထူထောင်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရေကြီးရေလျှံမှုထိန်းချုပ်ရေး၊ ရေငန်တားလုပ်ငန်းများနှင့်ဆည်တမံများ ကြံ့ခိုင်မှုရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းဒေသရှိ တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့်တောင်ညိုရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

ယနေ့ဆွေးနွေးပွဲရလဒ်များအပေါ် အခြေခံပြီး ဆည်ရေသောက်စနစ် အခြေခံအဆောက်အဦအအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေ မျှဝေသုံးစွဲခြင်းလုပ်ငန်း၊ လက်ရှိဆည်မြောင်းစနစ်များဖြင့် ဆည်ရေသောက်လယ်မြေများ၊ ရေပေးမြောင်းကွန်ရက် တိုးချဲ့ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းဒေသများမှ ရေသောက်မြောင်းစီမံခန့်ခွဲမှု တောင်သူအစုအဖွဲ့ (water user) များအတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

---

## ရှေ့ဖုံး – မျိုးစေ့ကျွမ်းကျင်မှု မှ

သော မျိုးစေ့ဆိုင်ရာ အခက်အခဲများကို မြေပြင်လက်တွေ့ကွင်းဆင်းဆန်းစစ်ပြီး မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ တင်ပြဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် Intetrated Seed Sector Development (ISSD) စီမံကိန်းကဲ့သို့ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC - WBG)မှ ကျွမ်းကျင်သူ Mr.Jose Ricardo Silva က မျိုးစေ့ကဏ္ဍတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် ဆောင်ရွက်ရန်လုပ်ငန်းဆိုင်ရာများကို အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်က မြန်မာ့မျိုးစေ့ကဏ္ဍနှင့် ကောင်းမွန်သောအလေ့အကျင့်ကောင်းများဆိုင်ရာ အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍပူးပေါင်းဆွေးနွေးပွဲရလဒ်များကိုလည်းကောင်း၊ ၁၄ ကြိမ်မြောက် ကျင်းပခဲ့သည့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကိုလည်းကောင်း၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

နေ့လယ်ပိုင်းတွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ ၁၅ ကြိမ်မြောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းနှင့် ကော်မတီဝင်များ အတွင်းရေးမှူး ဦးသက်ဇင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မျိုးစေ့လုပ်ငန်းရှင်များ၊ မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့စိုက်ပျိုးထုတ်လုပ်တင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချသူများ စုံညီစွာ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် မျိုးစေ့တင်သွင်းစိုက်ပျိုးထုတ်လုပ်သိုလှောင်ဖြန့်ချိသူအားလုံးတို့က မျိုးစေ့ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လက်ရှိပြဋ္ဌာန်းထားသောဥပဒေများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ခေတ်စနစ်နှင့်ညီညွတ်ပြီး ကဏ္ဍစုံအလွှာစုံတို့ လုပ်သာကိုင်သာရှိစေမည့် မျိုးစေ့ဆိုင်ရာဥပဒေများ ပြင်ဆင်ပေးနိုင်ရေးနှင့်ပတ်သက်သောကိစ္စရပ်များကိုလည်းကောင်း၊ မျိုးစေ့မှတ်ပုံတင်ခြင်းအတွက် လက်ရှိဆောင်ရွက်နေမှုထက် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

တောင်သူများအနေဖြင့် မျိုးစေ့အရည်အသွေးကို အထူးအလေးထားအသုံးပြုရန် လိုအပ်ကြောင်း၊ ဌာနမှ စိစစ်ထောက်ခံထားသော မျိုးစေ့မှတ်ပုံတင်ထားသည့် မျိုးများကိုသာ ရွေးချယ်အသုံးပြုကြစေလိုကြောင်း၊ အရည်အသွေးမပြည့်မီသောမျိုးများကို အသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းနှင့် တောင်သူဝင်ငွေကို ထိခိုက်စေသည်သာမက ပို့ကုန်အရည်အသွေးနှင့် ထုတ်လုပ်မှုတန်ဖိုးကိုပါ ထိခိုက်စေနိုင်သည်ကို အထူးသတိပြုရန် လိုအပ်ကြောင်း မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်က ဆွေးနွေးတင်ပြသည်။

"မြန်မာနိုင်ငံ လက်ရှိသီးနှံမျိုးစေ့အသုံးပြုမှုတွင် နေကြာ၊ အစေ့ထုတ်ပြောင်း၊ ဝါသီးနှံနှင့် ဟင်းသီးဟင်းရွက်တွေကလွဲပြီး အခြားသီးနှံများမှာ မျိုးကောင်းမျိုးသန့်သုံးစွဲမှု အလွန်နည်းပါးနေတာ တွေ့ရပါတယ်။ အဓိကအကြောင်းအရင်းတွေအနေနဲ့ တောင်သူတွေကိုယ်တိုင်က မျိုးကောင်းမျိုးသန့်သုံးစွဲဖို့ အသိပညာလိုအပ်နေခြင်း၊ မျိုးကောင်းမျိုးသန့်ကို လွယ်ကူစွာနှင့် လုံလောက်စွာ ရရှိနိုင်မှု၊ သတင်းအချက်အလက်များပေးရန် လိုအပ်ခြင်းနှင့် တရားဝင်မျိုးစေ့ရောင်းဝယ်မှုတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ နိုင်ငံတကာကုမ္ပဏီကြီးတွေက မျိုးစေ့ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှု နည်းပါးနေခြင်းနဲ့ မျိုးစေ့တင်သွင်းတို့အတွက် တင်သာမက ပြည်တွင်းတွင် မျိုးစေ့ထုတ်လုပ်နိုင်သည့် ကုမ္ပဏီကြီးများ ပေါ်ပေါက်လာမှသာလျှင် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်က ပြောကြားသည်။

မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအနေဖြင့် ခွင့်ပြုချက်များကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်၊ မျိုးစေ့လုပ်ငန်းလိုင်စင်၊ ပုဂ္ဂလိကမျိုးစေ့စစ်ဆေးခန်းဖွင့်လှစ်ခွင့်၊ တင်သွင်းတင်ပို့ခွင့်စသည့် မျိုးစေ့လုပ်ငန်းနှင့်ပတ်သက်၍ အွန်လိုင်းမှ လျှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ Seed Business လုပ်ငန်းများတွင် တင်သွင်းတင်ပို့ခွင့်ဆိုင်ရာ လိုင်စင်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ကျင်းပသော မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် သီးနှံ ၂၉ မျိုး၏ သီးနှံမျိုးကွဲ ၆၅ ခုစိစစ်၍ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

စီးပွား သတင်း The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွှန့် (ရေနံချောင်း)၊
သိန်းဇေ၊ အင်ပင်သန်းငွေအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ဒေါင်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဗလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000
@gmail.com

အယ်ဒီတာ့အာဘော်

# ပဲမျိုးစုံပို့ကုန် တိုးမြှင့်နိုင်ရေး အလေးပေး ဆောင်ရွက်

ပြီးခဲ့သည့်နှစ်များက အိန္ဒိယက ပဲဝယ်ယူမှုအပြောင်းအလဲကြောင့် မြန်မာပဲစိုက်တောင်သူများရော ပဲပို့ကုန်လုပ်ငန်းရှင်များပါ အခက်ကြုံခဲ့ကြရဖူးသည်။

စင်စစ်မူ မြန်မာ့ထွက်ကုန်ပဲမျိုးစုံကို အိန္ဒိယဝယ်လက်တစ်ခုတည်းကသာ ဝယ်ယူနေခြင်းမဟုတ်၊ လေ့လာသိရှိရသမျှ ကမ္ဘာတစ်ဝန်းမှ ပဲဝယ်လက်နိုင်ငံပေါင်း ၅၀ ခန့်မျှ ရှိနေသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ ပဲထွက်ကုန်သည် အာဆီယံဒေသတွင်းနိုင်ငံများတွင် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး နိုင်ငံတကာ၌ပင် ဒုတိယအဆင့် ရှိနေသည်။

သို့သော် နိုင်ငံတကာဈေးကွက်တွင် တည်ငြိမ်စွာရပ်တည်နိုင်ဖို့ဆိုလျှင် အရေအတွက်အရသာမက အရည်အသွေးကောင်းပဲများထုတ်လုပ်တင်ပို့နိုင်ရန် အရေးကြီးသည်။

နိုင်ငံတကာဝယ်လက်များထဲမှ အချို့သည်အရည်အသွေးစံချိန်စံညွှန်းကောင်းသည့်ပဲများကို ကြိုက်ဈေးပေး၍ ဝယ်ယူစားသုံးနေကြသည်ကို သိရှိကြပြီးဖြစ်သည်။ ထိုအထဲတွင်အာရှမှ ဂျပန်၊ ကိုရီးယားစသည်တို့နှင့်ဥရောပနိုင်ငံအချို့ ပါဝင်သည်။

မြန်မာပဲစိုက်တောင်သူများသည် မိရိုးဖလာခေတ်အဆက်ဆက်နှစ်ပေါင်းများစွာ ပဲစိုက်ပျိုးမှုအတွေ့အကြုံများ ရှိကြပြီးဖြစ်သည်။ သို့သော် မျက်မှောက်ခေတ်ပြောင်းလဲလာသောအခြေအနေအရ ဈေးကွက်ကတောင်းဆိုသည့် စံချိန်စံညွှန်းကို ကိုက်ညီရန် စိုက်ပျိုးထုတ်လုပ်နိုင်မှသာ တည်ငြိမ်သောဈေးကွက်ကို ရရှိပိုင်ဆိုင်ထားနိုင်ကြမည် ဖြစ်သည်။

ယင်းအခြေအနေတွင် ငွေကြေးတန်ဖိုးတည်ငြိမ်မှုကလည်း အရေးပါလာသည်။ လက်တွေ့အခြေအနေအရ ယခင်အခါများက မြန်မာငွေကြေးတန်ဖိုး တစ်ဒေါ်လာလျှင် ၉၀၀ ကျပ်ခန့်ရှိစဉ်က မြန်မာ့ထွက်ကုန်ကုလားပဲ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဈေးပေါက်ခဲ့သော်လည်း ယခု အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ ကျော်ရောက်ရှိလာချိန်တွင် ကုလားပဲတစ်တင်းလျှင် ငွေကျပ်နှစ်သောင်းခွဲခန့်သာ တောင်သူများရရှိလာခဲ့သဖြင့် ထုတ်လုပ်စရိတ်နှင့်လုံးဝမကာမိဘဲ အရှုံးပေါ်သူများပင် ရှိလာခဲ့သည်။

သို့သော် ဝမ်းသာစရာအခြေအနေမှာ တောင်သူများသည် မျိုးကောင်းမျိုးသန့်မျိုးသစ်များကို ရွေးချယ်စိုက်ပျိုးလာကြသကဲ့သို့ ခေတ်မီစိုက်နည်းစနစ်များကို ပြောင်းလဲသုံးစွဲစိုက်ပျိုးလာတတ်ကြခြင်းပင် ဖြစ်သည်။

တစ်ပြိုင်နက်တည်းတွင် ရှောင်လွှဲ၍မရနိုင်သော အခက်အခဲတစ်ခုမှာ လုပ်အားခနှင့်ထုတ်လုပ်မှုစရိတ်မြင့်မားလာခြင်းနှင့် ကြုံတွေ့လာရခြင်းပင် ဖြစ်သည်။

ယနေ့မျက်မှောက်အခြေအနေတွင် ပဲတစ်ဧကအတွက် ထုတ်လုပ်မှုစရိတ်အရင်းအနှီးမှာ ကျပ်သုံးသိန်းအထက်တွင် ရှိနေသည်ဟု ဆိုသည်။ ထိုအထဲတွင် ဓာတ်မြေဩဇာပိုးသတ်ဆေးဈေးနှုန်းမြင့်တက်လာခြင်းလည်း ပါဝင်သည်။ အဆိုပါသွင်းအားစုများအတွက် ကုန်ကျငွေမှာ ယခင်က သုံးစွဲရသည့်နှုန်းထက် လေးဆပိုမိုသုံးစွဲနေရကြောင်း လေ့လာသိရှိရသည်။

အမှန်တကယ်တောင်သူများအတွက် ဝင်ငွေတိုး၍ အကျိုးအမြတ်ရရှိမှသာ အဆိုပါသီးနှံကို အရေအတွက်များများ စိုက်ပျိုးပြီး အရည်အသွေးကောင်းရန် ကြိုးပမ်းနိုင်ကြမည် ဖြစ်သည်။

တောင်သူများအတွက် အကျိုးအမြတ်ရရှိမှုတွင် **သီးနှံအထွက်နှုန်းကောင်းခြင်း၊ ဈေးကွက်တည်ငြိမ်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်းအောင်လျှော့ချနိုင်ခြင်း**စသည်တို့မှာ အဓိကအရေးပါလျက်ရှိရာ ယင်းအခြေအနေကောင်းများ ပေါ်ထွန်းရေးတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများချည်းသာ လုပ်ကိုင်၍ မရနိုင်သဖြင့် အချို့ကိစ္စရပ်များ (ဥပမာ–**လျှပ်စစ်စွမ်းအားအပြည့်အဝရရှိရေး၊ သွင်းအားစုများဈေးနှုန်းသက်သာရေး၊ လယ်ယာသုံးစက်ကိရိယာ ကျယ်ပြန့်စွာသုံးစွဲလာနိုင်ရေး၊ ဈေးကွက်များတိုးချဲ့နိုင်ရေး**စသည့်ကိစ္စရပ်များ)ကို နိုင်ငံတော်ပိုင်းက ပံ့ပိုးဖြည့်ဆည်းပေးနိုင်မှသာ အောင်မြင်မှု ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာ့ပို့ကုန်ပဲမျိုးစုံပြည်တွင်းပြည်ပဈေးကွက်တိုးချဲ့ရရှိအောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပေသည်။

## မကွေးတိုင်းအတွင်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဆိုင်များ ကွင်းဆင်း စစ်ဆေး

အောင်နိုင် (ပခုက္ကူ) ----------------------------------------

**မကွေး** **တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တို့၏ ညွှန်ကြားချက်ဖြင့် ပခုက္ကူခရိုင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ ခရိုင်မြေအသုံးချတာဝန်ခံတို့ ပါဝင်သောအဖွဲ့သည် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးအရောင်းဆိုင် ခုနစ်ဆိုင်သို့ ၂၀၁၉ ခုနှစ် မတ်လအတွင်းက သွားရောက်စစ်ဆေးကြသည်။**

ထိုသို့စစ်ဆေးရာ၌ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် ဥပဒေညွှန်ကြားချက်များအတိုင်း လိုက်နာခြင်း ရှိ/မရှိ မြေဩဇာအတုများ၊ သက်တမ်းလွန် ပိုးသတ်ဆေးများ ရောင်းချမှုရှိ/မရှိ စစ်ဆေးကြရာ သက်တမ်းလွန် ပိုးသတ်ဆေးများတွေ့ရှိသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန်နှင့် လိုင်စင်မဲ့ဓာတ်မြေဩဇာအရောင်းဆိုင်များကို အမြန်ဆုံးလိုင်စင်ပြုလုပ်ကြရန် ပညာပေးဆွေးနွေးကြသည်။ ■






## ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များ၊ ပိုးသတ်ဆေး ကုမ္ပဏီလုပ်ငန်းရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကယားပြည်နယ်တွင် ကျင်းပ

မော်အင်နီးဆင့် (Agri) ----------------------------------------

**ကယား** **ပြည်နယ်သီးနှံကာကွယ်ရေးဌာနခွဲမှ ပြည်နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များမှ ဆိုင်ပိုင်ရှင်များနှင့် ပိုးသတ်ဆေးကုမ္ပဏီမှ လုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ၁၁.၃.၂၀၁၉ နံနက် ၁၀ နာရီက ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးခန့်က 'ဖော်'မြှောင်တောင် (Fall Armyworm) (FAW) ပိုးနှင့်ပတ်သက်၍ ပြီးခဲ့သောဩဂုတ်လပိုင်းမှစ၍ ဝန်ထမ်းများကို သင်တန်းပေးပြီး ရွာတိုင်းကိုလည်း သင်တန်းပေးနေပြီဖြစ်ကြောင်း၊ ပိုးသတ်ဆေးဆိုင်များအနေဖြင့် လည်း 'ဖော်'မြှောင်တောင်အကြောင်းနှင့် ကာကွယ်နှိမ်နင်းရမည့်နည်းလမ်းများကိုသိရှိပြီး တောင်သူများကိုပါ ပညာပေးနိုင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးမှာကြားသည်။ ■




# ကျရိုပ်မြင်နေတဲ့ နွေစပါးဆန်ဈေးကွက် ချိတ်ဆက်ထိန်းကွပ်ဖို့ လိုပြီ

**မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ် ဂုဏ်ထူးဆောင်နာယက (ယခင်ဥက္ကဋ္ဌဟောင်း) ဦးချစ်ခိုင်က "မြန်မာနိုင်ငံပြည်တွင်းမှာ လက်ကျန်ဆန်တန်ချိန်တစ်သန်းခန့်ရှိနေတယ်၊ တရုတ်နယ်စပ်ကရော ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကပါ ဆန်တင်ပို့မှုနည်းနေတယ်၊ တရုတ်နယ်စပ်ကဆို ဆန်တင်ပို့တာ လုံးဝရပ်နေတယ်၊ နွေစပါးကလည်း မကြာမီပေါ်တော့မယ်၊ လက်ကျန်ဆန်ကလည်းရှိနေတော့ နွေစပါးဈေး ကျရိုပ်မြင်နေလို့ တောင်သူလယ်သမားတွေအတွက် စိုးရိမ်မိတယ်"လို့ပြောလာပါတယ်။**

မြန်မာ့ဆန်ဈေးမြင့်ခြင်း၊ နိမ့်ခြင်းဖြစ်ပေါ်ရခြင်းဟာ ပြည်ပပို့ကုန်အနုတ်အသိမ်းပေါ်မှာ မူတည်နေတာ တွေ့ရပါတယ်။ ပြည်ပက အဝယ်လိုက်လာရင် ပြည်တွင်းဆန်ဈေးအတက်ဘက်မှာရှိနေပြီး ပြည်ပဈေးကွက်အေးနေရင် ပြည်တွင်း ဆန်ဈေးကျရိုပ်ဘက်ပြေးလာပါတယ်။ ဆန်ဈေးနှုန်းဟာ ပြည်ပတင်ပို့မှုအနုတ်အသိမ်းက ပြည်တွင်းဆန်ဈေးနှုန်းအတက်အကျကို ကိုင်လှုပ်မှု ပိုကြီးမားတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်ပဆန်တင်ပို့မှုဟာ ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနဲ့ တရုတ်ပြည်နယ်စပ်ဒေသလမ်းကြောင်းကနေ တင်ပို့တာဆိုပြီး နှစ်မျိုးရှိတယ်။ ဒီကုန်သွယ်မှုလမ်းကြောင်းနှစ်ခုကနေ ဆန်ပြည်ပတင်ပို့မှုကို လေ့လာကြည့်ရင် ၂၀၁၂–၂၀၁၃ ခုနှစ်က ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ကီလိုဂရမ်ပေါင်း ခြောက်သိန်းကျော် တင်ပို့ခဲ့တဲ့အချိန်မှာ တရုတ်နယ်စပ်ဒေသလမ်းကြောင်းကနေ ဆန်ကီလိုဂရမ်ပေါင်း ရှစ်သိန်းခွဲကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅၂ သန်းကျော် ဝင်ငွေရရှိခဲ့ပါတယ်။ ၂၀၁၄–၂၀၁၅ ခုနှစ်မှာ ပုံမှန်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ကီလိုဂရမ် ၄ ဒသမ ၇ သိန်းကျော်သာ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၅၀ ဝင်ငွေရခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နယ်စပ်ဒေသလမ်းကြောင်းကနေ ဆန်ကီလိုဂရမ်ပေါင်း ၁ ဒသမ ၃၄ သန်းတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၉၄ သန်းကျော် ဝင်ငွေရရှိခဲ့ပါတယ်။ ၂၀၁၅–၂၀၁၆ ခုနှစ်မှာ ပုံမှန်ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ ဆန်ကီလိုဂရမ် ၂ ဒသမ ၄ သိန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၃၀ ခန့်ဝင်ငွေရရှိခဲ့ပါတယ်။ ၂၀၁၆–၂၀၁၇ ခုနှစ်မှာ ပြည်ပသို့ ဆန်မက်ထရစ်တန်ချိန်သန်းပေါင်း ၃ ဒသမ ၅၉ သန်းတင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော် ဝင်ငွေရရှိခဲ့ပါတယ်။ အဲဒီလိုဆန်တင်ပို့မှု စုစုပေါင်းထဲမှာ တရုတ်နယ်စပ်ဒေသ လမ်းကြောင်းကနေ တင်ပို့ခဲ့တာ ၆၅ ရာခိုင်နှုန်းပါဝင်နေကြောင်း တရုတ်နယ်စပ်ဒေသလမ်းကြောင်းက ပြည်ပဆန်တင်ပို့မှုဟာ ပုံမှန်ရေကြောင်းလမ်းက တင်ပို့မှုထက် နှာတစ်ဖျားသာနေတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ ဆန်ပြည်ပတင်ပို့မှုဟာ ဒီနှစ်မှာ အထနေးနေပါတယ်။ မတ်လကုန်အထိ ပြည်ပသို့ မက်ထရစ်တန်ချိန် နှစ်သန်းကျော်သာ တင်ပို့နိုင်မယ်လို့ ခန့်မှန်းရရှိပါတယ်။ အလားတူ မနှစ်က ကာလနဲ့ နှိုင်းယှဉ်ကြည့်ရင် လျော့နည်းနေပြီး ပုံမှန်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းကနေ ဆန်တင်ပို့မှုဟာ အလွန်လျော့နည်းနေတာ တွေ့ရပါတယ်။ ပုံမှန်ရေလမ်းကြောင်းနဲ့တင်ပို့ရာမှာ နိုင်ငံအချင်းချင်း (G to G) တင်ပို့မှုမရှိသလောက် ဖြစ်ပါတယ်။ ဝယ်လက်နိုင်ငံများက မြန်မာ့ဆန်ဈေးနှုန်းကို လက်တွန့်နေကြတာ ဖြစ်ပါတယ်။ ပုဂ္ဂလိကအချင်းချင်း (P to P) တင်ပို့မှုကတော့ ထိုက်သင့်သလောက် ရှိပါတယ်။ အကြောင်းရင်းကို ဆန်းစစ်ကြည့်ရင် အီးယူက ဆန်လုံးအရှည်ကို အခွန်ကောက်မယ်လို့ ကြေညာလိုက်တဲ့ အကျိုးသက်ရောက်မှုကြောင့်လည်း ဖြစ်လာတာအမှန်ပါပဲ။ မြန်မာနိုင်ငံက ဧည့်မထဆန်အဆင့်အမျိုးမျိုးကို အီးယူနိုင်ငံတွေကို တင်ပို့ပါတယ်။ အခွန်ကောက်တယ်ဆိုတာကတော့ ရောင်းသူကို ကောက်ခြင်းမဟုတ်ဘဲ ဝယ်သူကိုကောက်တာ ဖြစ်ပါတယ်။ ဒီတော့ ဝယ်မယ့်နိုင်ငံတွေက ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေက အခွန်ကိုကြောက်ကြတော့ မြန်မာ့ဆန်ကိုမဝယ်ရဲတော့ဘူး၊ မြန်မာကလည်း ဧည့်မထအချွန်ကိုပဲရောင်းစရာရှိတာဆိုတော့ အဟန့်အတားဖြစ်နေပြီး ဈေးကွက်နှေးနေတာ တွေ့ရတယ်။

နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံက ဧည့်မထဆန်အတော်များများကို အာဖရိကနိုင်ငံတွေက ဝယ်ကြတယ်။ ဒီနှစ်မှာ အာဖရိကက မြန်မာ့ဧည့်မထဆန်ကို မဝယ်တော့ဘူး။ လေ့လာကြည့်လိုက်တော့ မြန်မာ့ဆန်ဧည့်မထ ၂၅ မှတ်နဲ့ အဆင့်တူတဲ့ တရုတ်နိုင်ငံဟာ ဆန်ဟောင်းလက်ကျန်တန်ချိန်သန်းနဲ့ချီပြီး အာဖရိကကို ရောင်းပစ်တယ်၊ ဆန်ဈေးနှုန်းကျတော့လည်း မြန်မာ့ဧည့်မထ ၂၅ မှတ်ထက် ဈေးနိမ့်တယ်၊ အဲဒီလိုဈေးချိုချိုနဲ့ရောင်းပြီး မြန်မာ့ဆန်ဈေးကွက်ကို ကုပ်ချိုးပြီးသတ်လိုက်တဲ့သဘောပါပဲ။

တစ်ဖန်မြန်မာနိုင်ငံရဲ့ဆန်ဈေးဟာလည်း ပြည်ပဆန်ဈေးကွက်မှာ ဖြစ်ပေါ်နေတဲ့ပေါက်ဈေးတွေထက် မြင့်နေပါတယ်။ ဘာကြောင့် ပြည်တွင်းဆန်ဈေးနှုန်းမြင့်နေရသလဲဆိုရင် တောင်သူလယ်သမားကြီးများရဲ့ တစ်ဧကစပါးထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်နေတဲ့အတွက် စပါးဈေးမြင့်နေပြီး ဆန်ဈေးလည်း တက်နေရခြင်းပါပဲ။

တောင်သူလယ်သမားကြီးများရဲ့ စပါးတစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်အောင် ပညာရှင်များအပိုင်းက နည်းပညာရှာဖွေပေးဖို့ လိုအပ်နေပါတယ်။ တောင်သူလယ်သမားကြီးများကလည်း သူတို့ကုန်ကျထားတဲ့စရိတ်နဲ့ တွက်ခြေကိုက်အောင် စပါးဈေးကိုအမြင့်နဲ့ရောင်းကြတော့ စက်ပိုင်၊ ကုန်သည်၊ ပွဲစားများကလည်း ပြည်ပဈေးက နိမ့်နေတာသိတော့ ပြည်ပကိုပြန်ရောင်းရင် တွက်ခြေမကိုက်ဖြစ်မှာစိုးတဲ့အတွက် စပါးဈေးကို အမြင့်ဈေးနဲ့မဝယ်နိုင်ကြဘူးဖြစ်ပြီး ပြည်ပဆန်တင်ပို့မှုလည်း ကျဆင်းလာတာ ဖြစ်ပါတယ်။

ကိုယ်ပိုင်လယ်မှာစိုက်၊ ဒါမှမဟုတ် ကန်ထရိုက်လယ်ယာစနစ်နဲ့စိုက်ကြတဲ့ ဆန်စက်ပိုင်၊ ကုန်သည်တွေကတော့ စပါးဈေးမှန်နဲ့ဝယ်လို့ရပြီး ပြည်ပကိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

တရုတ်ပြည်နယ်စပ်ဒေသ လမ်းကြောင်းက ဆန်တင်ပို့မှုဟာ အထက်မှာတင်ပြခဲ့တဲ့အတိုင်း ပြည်ပဆန်တင်ပို့မှုစုစုပေါင်းရဲ့ ၆၅ ရာခိုင်နှုန်းနေရာယူထားတာ ဖြစ်တဲ့အတွက် ဆန်ပြည်ပတင်ပို့မှုပမာဏအပေါ် များစွာလွှမ်းမိုးနေပါတယ်။ ယခု တရုတ်ပြည်နယ်စပ်ကနေ ဆန်တင်ပို့မှုကို တရုတ်ပြည်ဘက်က ပိတ်ထားခဲ့တာ သုံးလခန့်ရှိနေပါပြီ။ ဒီအကျိုးဆက်ကြောင့် တရုတ်နယ်စပ်က ဆန်တင်ပို့ရောင်းချမှုဟာ ရပ်တန့်သွားပါတယ်။

အဲဒီလိုကွင်းဆက်တွေဖြစ်လာတဲ့အတွက် ပုံမှန်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းကလည်း ဆန်မတင်ပို့နိုင်၊ တရုတ်နယ်စပ်ဒေသ လမ်းကြောင်းကလည်း ဆန်မတင်ပို့နိုင် ဖြစ်လာပါတယ်။ ဒီတော့ ပြည်တွင်းမှာ ဆန်စပါးဈေးတွေကျပြီး ပြည်တွင်းလက်ကျန်ဆန်တန်ချိန်တစ်သန်းကျော်ခန့်ရှိနေတယ်လို့ သိရပါတယ်။

ဖြစ်ပျက်နေတဲ့ မြန်မာဆန်စပါးလောကဂယက်ဟာ လာမယ့်နွေစပါးကထွက်လာမယ့်ဆန်ဈေးကွက် ကျရိုပ်နဲ့ ဘယ်လိုဆက်စပ်နေသလဲလေ့လာကြည့်မိပါတယ်။

မြန်မာနိုင်ငံမှာ ဒီနှစ်နွေစပါးဧကနှစ်သန်းခွဲကျော် စိုက်ပျိုးထားတယ်လို့ သိရပါတယ်။ နွေစပါးက တစ်ဧကတင်း ၉၀–၁၀၀ ထွက်မယ်ဆိုရင် ဆန်တန်ချိန်နှစ်သန်းခွဲလောက်ရရှိလာမှာ ဖြစ်ပါတယ်။ ပြည်တွင်းလက်ကျန်ဆန်တန်ချိန်တစ်သန်းနဲ့ဆိုရင် ဧပြီလကုန်မေလဆန်းမှာ ပြည်တွင်းမှာ ဆန်တန်ချိန်သုံးသန်းခွဲရှိနေမှာ ဖြစ်ပါတယ်။

အထက်ပါကဲ့သို့ ပုံမှန်ရေကြောင်းက ဆန်ပြည်ပတင်ပို့မှုရော၊ တရုတ်နယ်စပ်ဒေသက တင်ပို့မှုပါ တုံ့နှေးလျော့နည်းမှုဆက်ဖြစ်နေရင် ပြည်တွင်းဆန်လက်ကျန်စုပုံနေပြီး နွေစပါးဆန်ဈေးပါ ကျရိုပ်မြင်နေတဲ့အတွက် တောင်သူလယ်သမားကြီးများ ဒုက္ခနဲကြုံရနိုင်ပါတယ်။

မြန်မာ့ဆန်ဈေးဟာ တောင်သူလယ်သမားကြီးတွေအတွက်ရော စက်ပိုင်၊ ကုန်သည်နဲ့ Exporter ကြီးတွေအတွက်ပါ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ကုန်သည်၊ Exporter တွေ ချိတ်ဆက်ထိန်းကွပ်ညှိနှိုင်းစီစဉ်ကြရမှာ ဖြစ်ပါတယ်။ နွေစပါးထွက်ဖို့ အချိန်သိပ်မကြာတော့ဘဲ နောက်နှစ်လဆိုရင် ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ထားမှ တော်ကာကျမှာ ဖြစ်ပါတယ်။

**တောင်သူလယ်သမားများရဲ့ တစ်ဧကစပါးထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရေးအတွက် နည်းပညာများရှိပြီး ဖြစ်ပါတယ်။ ဒီနည်းပညာများကို လယ်သမားလက်ထဲထိရောက်အောင် ပညာပေးခြင်း၊ သုတေသနစမ်းသပ်ကွက်များ ပြုလုပ်ပြသခြင်း၊ ဟောပြောခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ လိုပါတယ်။** ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက အရှေ့တောင်အာရှမှာ မြန်မာနိုင်ငံဟာ ဆန်စပါးဈေးနှုန်းအမြင့်ဆုံး စပါးတစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်အများဆုံးလို့ အစီရင်ခံစာမှာ ဖော်ပြထားတာကို အလေးအနက်ထားဖို့ လိုပါတယ်။

နွေစပါးပေါ်တဲ့အချိန်မှာ ဈေးကိုထိန်းထားနိုင်ဖို့ အရန်ဆန်ဝယ်ယူရေးကိုလည်း မူဝါဒတစ်ရပ်ချမှတ်ပြီး ဆောင်ရွက်သင့်ပါတယ်။ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံမှာဆိုရင် နှစ်စဉ်အရန်ဆန်ဝယ်ယူလေ့ရှိပါတယ်။ အဲဒီနိုင်ငံတွေမှာ အရန်ဆန်ကို ကုမ္ပဏီလုပ်ငန်းရှင်တွေကလည်း ဝယ်ပါတယ်။ အစိုးရကလည်း ဝယ်တာတွေ့ရပါတယ်။ အရန်ဆန်ဝယ်ယူသိုလှောင်ထားခြင်းအားဖြင့် ဆန်စပါးဈေးကိုငြိမ်နေအောင် ထိန်းထားနိုင်တာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း အရန်ဆန်ဝယ်ယူရေးအလေ့အကျင့်ရှိပြီးသား ဖြစ်ပါတယ်။ အစိုးရ၊ ပုဂ္ဂလိက၊ Exporter ဆန်စက်ပိုင်များ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။

နောက်တစ်ချက်ကတော့ Exporter ကြီးများ၊ ဆန်စက်ပိုင်ကြီးများ၊ ကုန်သည်ပွဲစားများဟာ

စာ – ၅ သို့

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# ပင်စင်မစားရသူများ

မြတ်စိုး(လှိုင်)



**နိုင်ငံတော်က ပင်စင်လစာတွေ အကြိမ်ကြိမ်တိုးပေးခဲ့သော်လည်း ကျွန်တော့်မိတ်ဆွေတချို့မှာ ပင်စင်တောင်မခံစားရဘဲ လောကကြီးမှ ထာဝရ ခွဲခွာသွားခဲ့ကြသည်။**

သူတို့ခမျာ နိုင်ငံ့ဝန်ထမ်းဘဝဖြင့် တစ်သက်လုံးပေးဆပ်ခဲ့ရသော်လည်း ပင်စင်ခံစားခွင့်မထိုက်ဘဲ စိတ်မကောင်းဖွယ်၊ ရင်နင့်ဖွယ်အဖြစ်များနှင့် ကြုံခဲ့ကြရသည်။

ပထမတစ်ဦးမှာ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်း စက်ရုံကြီးတစ်ခုမှာလည်း အတူလုပ်ကိုင်ခဲ့သည့် မိတ်ဆွေတစ်ယောက်ဖြစ်သည်။

သူ့ခမျာ တိုင်းအဆင့်ဝန်ထမ်းအထိ ရာထူးတိုးခဲ့ပြီး အသက်ပြည့်ပင်စင်ယူသည့်အချိန် ရောက်လာခဲ့သည်။

ထိုနေ့က သက်ပြည့်ပင်စင်ခွင့်ပြုချက်ကျ၍ လုပ်ဖော်ကိုင်ဖက်များကို လှည့်လည်နှုတ်ဆက်ပြီးမှ ဝမ်းသာအားရ အိမ်သို့ပြန်လာခဲ့သည်။

သူ့စိတ်ထဲတွင် နောက်နေ့ကစပြီး မိသားစုတွေ၊ သားသမီးမြေးတွေနှင့်အတူ လွတ်လပ်ပျော်ရွှင်စွာနေသွားရတော့မည် ဆိုသည့် ဝမ်းသာစရာအတွေးဖြင့် အိမ်သို့ပြန်လာခဲ့ခြင်း ဖြစ်သည်။

မိသားစုကလည်း ၎င်းကိုကြည့်ကာ ပျော်ရွှင်နေကြသည်။

ရုံးကမိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကို နှုတ်ဆက်ပြန်လာပြီးနောက် ညစာမစားမီ ရေချိုးလိုက်သည်ဟု ဆိုသည်။

ထမင်းဝိုင်းပြင်ထားဆဲ၌ပင် ခဏအကြာမှာ ခေါင်းထဲကမူးနောက်နောက်ဖြစ်သည်ဟုဆိုကာ ညစာမစားဘေးဘဲ ကုလားထိုင်ပေါ်မှာ ခဏထိုင်၍ နားလိုက်စဉ်မှာပင် ဇက်ကျိုးကာ ခေါင်းငိုက်စိုက်ကျသွားပြီး အသက်ပါတစ်ပါတည်း ပါသွားတော့သည်ဆို၏။

မိသားစုမှာ မမျှော်လင့်သော ဖြစ်ရပ်ဆိုးကြောင့် ဝမ်းနည်းပက်လက်ဖြစ်ကာ ကျန်ရစ်ရာကြတော့သည်။

ဒုတိယတစ်ဦးမှာ နယ်အဝေးတွင် မိသားစုနှင့်ခွဲကာ နှစ်အကြာကြီး တာဝန်ကျနေရာမှ ပင်စင်ယူမည့်နှစ်တွင် မိမိဇာတိမြို့ကလေးသို့ မြို့နယ်ဦးစီးမှူး ရာထူးဖြင့် ပြောင်းရွှေ့လာရသဖြင့် အလွန်ပျော်နေရှာသည့် ကျွန်တော့်မိတ်ဆွေကြီးတစ်ဦး ဖြစ်သည်။

လောလောဆယ်တွင် ၎င်း၏ မိသားစုတစ်ခုလုံး ရန်ကုန်တွင် နေထိုင်ကြပြီး သူတစ်ဦးတည်းသာ တာဝန်ကျရာ နယ်မြို့ကလေးမှာ သွားရောက်တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။

ယခုကဲ့သို့ ရာထူးတိုးဖြင့် မိမိဇာတိမြို့သို့ ပင်စင်ယူရမည့်နှစ်တွင် ပြန်လည်ရောက်ရှိလာခြင်းအတွက် အလွန်ပျော်နေသည်။ အချိန်ကိုက်ဖြစ်၍ ပင်စင်ယူပြီးလျှင် မိမိဇာတိမြို့ကလေးမှာပဲ မိသားစုတစ်စုလုံး အခြေချတော့မည်ဟူသည့်အတွေးဖြင့် ထိုနေ့က Duty Report ပေးရန် ဇာတိမြို့ကလေးသို့ ရောက်သွားသည်။

ထိုမြို့ကလေးမှာ ရန်ကုန်မြို့နှင့် မိုင် ၅၀ ခန့်သာဝေးသည်။ ထိုမြို့တွင် လက်ရှိသူ၏အစ်မမိသားစုနေထိုင်လျက် ရှိသည်။

ထိုနေ့က ရုံးကိုသတင်းပို့အပြီး ရန်ကုန်ပြန်မည့်အချိန်တွင် သူ့အစ်မကြီးနှင့်မိသားစုက ကားဂိတ်သို့ လိုက်ပို့ကြသည်။ သူ့သတင်းကို သိရသဖြင့် ငယ်သူငယ်ချင်းတွေ၊ ဆွေမျိုးတွေလည်း ကားဂိတ်မှာ ဝမ်းသာအားရလာ၍ နှုတ်ဆက်ကြသည်။

"ငါမနက်ဖြန်ကစပြီး မင်းတို့နဲ့ ပြန်ဆုံရတော့မှာမို့ ပျော်လိုက်တာကွာ" ဟုဆိုကာ ခရီးသည်တင်ယာဉ်ကလေးပေါ်သို့ ဝမ်းသာအားရလက်ပြနှုတ်ဆက်ရင်း တက်လိုက်လာခဲ့သည်။

ထိုညနေက သူနှင့်အတူ တူ၊ တူမ သုံးဦးပါ မနက်ဖြန်မှာဝိုင်းကူရွှေ့ပေးကြဖို့ သူ့အိမ်သို့ အဖော်လိုက်လာကြသည်။

မကြာလိုက်ပါ။ ရန်ကုန်သို့ ကားထွက်၍ နာရီဝက်ခန့်အကြာတွင် ကံကြမ္မာဆိုးနှင့်ကြုံလိုက်ရပါတော့သည်။

သူတို့လိုက်ပါလာသည့်ခရီးသည်တင်ဟိုင်းလပ်ယာဉ်ငယ်ကလေးကို မျက်နှာချင်းဆိုင် လမ်းကွေ့မှ ဆီဘောက်ဆာကားကြီးတစ်စီးက အရှိန်ပြင်းစွာဖြင့် ဝင်၍ တိုက်လိုက်ရာ ၎င်းတို့ထိုင်၍ လိုက်ပါလာသည့်ဘက်ခြမ်းမှ သူနှင့်တူ၊ တူမလေးလေးဦး အပါအဝင် ခရီးသည်ရှစ်ဦးပွဲချင်းပြီး သေဆုံးသွားကြသည်။

ထိုညနေက သူတို့ကိုကားဂိတ်မှာ လာ၍နှုတ်ဆက်နေကြသည့် ဆွေမျိုးမိတ်ဆွေအချို့ပင် အိမ်သို့ပြန်မရောက်ခင် သတင်းဆိုးကြီး ကြားလိုက်ရခြင်းပင်။

အသုဘသဂြိုဟ်သည့်နေ့က ထိုမြို့ကလေး၏သုသာန်တွင် အလောင်းရှစ်လောင်းပြင်ထားသည့်မြင်ကွင်းမှာ အလွန်ကြေကွဲစရာကောင်းလှသည်။

သူ့ခမျာမိသားစုနှင့်အကြာကြီး ခွဲကာ နိုင်ငံ့တာဝန်ထမ်းခဲ့ရာမှ ပြန်ဆုံဖို့ကြုံလာကာမှ ကံကြမ္မာဆိုးကြောင့် ပင်စင်တောင်မခံစားလိုက်ရရှာဘဲ မိသားစုနှင့် ထာဝရ ခွဲခွာသွားရပါလေပြီ။ ■

## စာ - ၄ ကျရိပ်မြင်နေတဲ့ မှ

နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့စပါးတင်း ၁၀၀ ရဲ့ အခြေခံဈေးနှုန်းကျပ်ငါးသိန်းဆိုတာ မမေ့မလျော့ သတိပြုလိုက်နာကြမယ်ဆိုရင် ဆန်ဈေး၊ စပါးဈေးကို ထိန်းနိုင်မှာ ဖြစ်ပါတယ်။

ပြည်ပသို့ ပုံမှန်ရေလမ်းကြောင်းကုန်သွယ်မှုကနေ အစိုးရအချင်းချင်း (G to G) ဆန်တင်ပို့နိုင်ရေးနှင့် ပုဂ္ဂလိကအချင်းချင်း (P to P) ဆန်တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ Exporter ကြီးများ ချိတ်ဆက်ပူးပေါင်းပြီး ဈေးကွက်ရှာဖွေတာ၊ ထောက်လှန်းတာ၊ ဆက်သွယ်ချိတ်ဆက်တာတွေကို ခပ်မြန်မြန် ခပ်သွက်သွက်ဆောင်ရွက်ဖို့ လိုပါတယ်။ "မြန်မာနိုင်ငံမှာ သဘော်တင်ကုန်ကျစရိတ်ဟာ အိမ်နီးချင်းနိုင်ငံများထက် တစ်ဆခွဲ၊ နှစ်ဆခန့်များနေတာကလည်း ဆန်ပြည်ပတင်ပို့မှုအတွက် အဟန့်အတားတစ်ခုဖြစ်နေတဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုနေပါတယ်"လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောပါတယ်။

နောက်တစ်ချက်သုံးသပ်ချင်တာကတော့ တရုတ်နယ်စပ်ဒေသကနေ ဆန်တင်ပို့နေတာကို တရုတ်နိုင်ငံဘက်က တရားဝင်ခွင့်ပြုလိုက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ဆန်ပြည်ပတင်ပို့မှုဟာ အသက်ရှူချောင်လာလိမ့်မယ်လို့ မြင်မိပါတယ်။

ပြီးခဲ့တဲ့အပတ်ထဲက တရုတ်နိုင်ငံကူမင်းမြို့မှာ ကျင်းပတဲ့ ဒုတိယအကြိမ် မြန်မာ–တရုတ်စီးပွားရေးစင်္ကြံလမ်းဖိုရမ်ကို မြန်မာနိုင်ငံက ပြည်ထောင်စုဝန်ကြီး (စီမံဘဏ္ဍာ) ဦးစိုးဝင်းဦးဆောင်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးနဲ့အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ အဲဒီဖိုရမ်မှာ တရုတ်နိုင်ငံကို မြန်မာနိုင်ငံက ဆန်တန်ချိန်လေးသိန်း တင်ပို့နိုင်ရေးကို ကုန်ပစ္စည်းဖလှယ်တဲ့စနစ်နဲ့ ဆောင်ရွက်မယ်လို့အလွတ်သဘောဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံဘက်မှ ဖလှယ်ယူရမယ့် တရုတ်ပစ္စည်းတွေကတော့ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းနဲ့ လယ်ယာသုံးပစ္စည်းများပဲ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက "တရုတ်ဘက်က သွင်းမယ့်ပစ္စည်းတွေဟာ မြန်မာနိုင်ငံက ဆန်ပို့မယ့် Exporter ကြီးများအတွက် တွက်ခြေကိုက်မယ့်ဈေးနှုန်းဖြစ်ဖို့တော့ လိုတာပေါ့။ မဟုတ်ရင်တော့ မိအေးနှစ်ခါနာဖြစ်မှာစိုးရတယ်"လို့ ဆိုပါတယ်။ မြန်မာနိုင်ငံက တင်ပို့ပေးရမယ့် ဆန်တန်ချိန်လေးသန်းဟာလည်း နယ်စပ်ဒေသကုန်သွယ်မှုကိုလည်း တရားဝင်တရုတ်က သတ်မှတ်ပေးမယ်၊ တင်ပို့ခွင့်ပေးမယ်၊ ရေလမ်းကြောင်းကလည်း တင်ပို့ခွင့်ပေးမယ်၊ တရုတ်နယ်စပ်ဒေသကုန်သွယ်မှုကိုလည်း တရုတ်က တရားဝင်သတ်မှတ်ပေးလိုက်မယ်ဆိုရင် မြန်မာနိုင်ငံကလည်း တရားဝင်အခွန်ငွေရမယ်၊ တရုတ်ဘက်ကလည်း တရားဝင်အခွန်ငွေရသွားမယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံကို ဆန်တန်ချိန်လေးသိန်း နယ်စပ်ကရော၊ ရေလမ်းကြောင်းကပါ တင်ပို့ခွင့်ရနိုင်ဖို့ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးဖို့ အလွတ်သဘောညှိနှိုင်းသဘောတူခဲ့တယ်လို့ ဆိုပါတယ်။ ဒီသဘောတူညီချက်သာ အထမြောက်အောင်မြင်သွားခဲ့ရင် မြန်မာ့ဆန်ပို့လောက ကျွန်ခြေရရဆောင်ရွက်သွားနိုင်ပါတယ်လို့လည်း ဆိုပါတယ်။ ယခုကျရိပ်မြင်နေတဲ့ နွေစပါးဆန်ဈေးကိုလည်း ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တာဝန်ရှိသူတစ်ဦးကတော့ **"နောင်အခါမှာ မြန်မာနိုင်ငံက ဆန်ဟာ နိုင်ငံတကာဈေးကွက်ကို ဝင်တိုးယှဉ်ပြိုင်မှုတွေများလာတော့မယ်။ ဈေးကွက်ယှဉ်ပြိုင်နိုင်ဖို့ဆိုရင် အရည်အသွေးကောင်းအောင် ဂရုတစိုက်အလေးထားဆောင်ရွက်ဖို့ လိုလာပြီ။ နိုင်ငံတကာဈေးကွက်တန်းဝင်အရည်အသွေးကောင်းဆန်တွေ ထုတ်လုပ်ဖို့လိုလာပြီ၊ အရည်အသွေးကောင်းဆန်ရဖို့ ရိတ်သိမ်းချိန်လွန်နည်းပညာကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်အောင် စီမံဖို့လိုပြီ"**လို့ သုံးသပ်ပြပါတယ်။ ■



## မကွေးတွင် နှမ်းသီးနှံစိုက်ပျိုးရေး GAP အလေ့အကျင့်ကောင်းများသင်တန်း ပို့ချ

မကွေး မတ် ၁၂

**စိုက်ပျိုးရေးဦးစီးဌာနနှင့် Winrock International SFDA (Sesame Farmer Development Association) တို့ ပူးပေါင်းကျင်းပသော နှမ်းသီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသင်တန်းကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ယနေ့မှ သုံးရက်ကြာ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် စိုက်ပျိုးရေးပညာရှင်များနှင့် Winrock Interna tional မှ တာဝန်ရှိသူများက နှမ်းသီးနှံကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် တင်ပို့ရောင်းချခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲခြင်း၊ နှမ်းသီးနှံဘက်စုံပိုးမွှားကာကွယ်ရေးနည်းလမ်းများ၊ ပိုးသတ်ဆေးစနစ်တကျအသုံးပြုခြင်း၊ သီးနှံများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP နည်းစနစ်နှင့် စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက် ၁၆ ချက်၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဆွေးနွေးပို့ချပေးကြပြီး စာတွေ့လက်တွေ့ရှင်းလင်းပြသကြသည်။

မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)

စိုက်ပျိုးရေးပြဿနာ အလျင်အမြန် အဖြေရှာကာကွယ်သွားနိုင်ရန်နှင့် ခေတ်မီတိုးတက်သော နည်းပညာသစ်များ အသုံးပြုဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ
Call Center သို့ ဆက်သွယ်ပါ။
Facebook, Messenger, Viber-09764000841,
Website - www.doa.gov.mm

# လူသားတိုင်း အသက်ရှင်ရပ်တည်ရေးအတွက် ရေချိုလိုအပ်ချက်

မောင်မြမိုးအောင် (တန့်ဆည်)



**ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသော လူ၊ တိရစ္ဆာန်၊ သီးနှံ သစ်ပင်တို့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ရေချိုလိုအပ်ချက်မှာ အရေးကြီးသည်။ “ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်”ဆိုစကားမှာ ရေ၏အရေးပါမှုကို ပေါ်လွင်ထင်ရှားစေသည်။ လူတစ်ဦးတစ်နေ့လျှင် ရေလေးဂါလန်မှ ၁၀ ဂါလန်လိုအပ်သည်ဟု သုတေသနပြုချက်များက ဆိုသည်။**

လူသားတိုင်းအတွက် အရေးပါသည့် ထိုမတ်လ ၆ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ကာ နိုင်ငံတိုင်းတွင် အခမ်းအနားများ ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် မတ် ၆ ရက်က ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ခမ်းနားစွာ ကျင်းပရာ နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း ရေ၏အကျိုးသက်ရောက်မှုကို ပိုမိုအလေးထားဆောင်ရွက်နိုင်စေရန် အမျိုးသားရေအရင်းအမြစ်ကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ရေနေ့တွင် ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် “ယနေ့ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိ၍ ၎င်းတို့၏ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိနေပါကြောင်း၊ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည် ကောင်းမွန်သော မိလ္လာစနစ်ဖြင့် အလှမ်းဝေးကွာဆဲ၊ သက်ရှိကျန်းမာမှုအပေါ် သက်ရောက်မှုများ ခံစားနေရဆဲ ဖြစ်ပါကြောင်း”

တစ်ဖန် “ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတို့ကြောင့် ရေနှင့်ဆက်နွယ်သည့် အခက်အခဲများ ကမ္ဘာ့အနှံ့အပြားတွင် တွေ့ကြုံနေရပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို ကြီးစွာသော သက်ရောက်မှုများရှိနေပါကြောင်း၊ မိမိတို့နိုင်ငံသည် ရေအရင်းအမြစ်ကြွယ်ဝပြီး အာဆီယံ ၁၀ နိုင်ငံ၏ ရေ ၁၆ ရာခိုင်နှုန်းနှင့် အာရှတစ်တိုက်လုံး၏ ရေ ၁၂ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပါကြောင်း၊ သို့သော်လည်း မိုးရွာသွန်းမှုကွဲပြားမှု၊ လူဦးရေတိုးတက်များပြားလာမှု၊ စက်မှုစီးပွားရေးဇုန်များ တိုးတက်များပြားလာမှုများကြောင့် ရေချိုဖူလုံစွာရရှိနိုင်မှုမှာ နေရာအများစုတွင် အခက်အခဲနှင့်ကြုံတွေ့နေရပါကြောင်း၊ ဘေးကင်းသော သောက်သုံးရေရရှိနိုင်မှု၊ မိလ္လာနှင့်ရေဆိုးစွန့်ပစ်သည့်စနစ်များအတွက် ရေချိုအလုံလောက်မရရှိနိုင်မှုများ ရှိနေပါကြောင်း၊ စနစ်တကျသန့်စင်ခြင်းမရှိဘဲ မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်လိုက်သည့် ရေဆိုးများနှင့်ဓာတုပစ္စည်းများကြောင့်လည်း ရေများညစ်ညမ်းသည့်ပြဿနာနှင့် ကြုံတွေ့နေရပါကြောင်း၊ သို့အတွက် ဤပြဿနာများကို ဖြေရှင်းရန် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲသည့်စနစ်ကို အလေးထားဆောင်ရွက်ဖို့လိုပါကြောင်း၊ ရေရှည်တည်တံ့သည့်ရေအသုံးချမှုနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတ၊ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှုနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရေကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ဆယ်စုနှစ်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ထားပါကြောင်း” ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ရေသုံးစွဲမှုကို လေ့လာလျှင် အာရှနိုင်ငံများတွင် ၉၀ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးအတွက် အသုံးချသည်ကိုတွေ့ရသည်။ အခြားနိုင်ငံများတွင် စိုက်ပျိုးရေးအတွက် ၁၀ ရာခိုင်နှုန်း။ စက်မှုလုပ်ငန်းအတွက် ၂၀ ရာခိုင်နှုန်း၊ မြို့ပြအိမ်ရာအတွက် ၁၀ ရာခိုင်နှုန်း အသုံးပြုလျက် ရှိသည်။

**ရေချိုလိုအပ်ချက်သည် အနှစ် ၂၀ ပြည့်တိုင်း နှစ်ဆတိုးတက်နေမည်ဟု ရေသုတေသနပညာရှင်များက ခန့်မှန်းထားကြသည်။** ၂၀၄၀ ပြည့်နှစ်တွင် ရေချိုလိုအပ်ချက်သည် ရေချိုပေးဝေနိုင်မှုထက် ၃၀ ရာခိုင်နှုန်း ပိုနေမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏သုံးပုံနှစ်ပုံသည် ရေချိုလိုအပ်ချက် ၅၅ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်း ကမ္ဘာ့ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာက ထောက်ပြထားသည်။

ယနေ့ကမ္ဘာပေါ်တွင် သက်ရှိများအတွက် ရေချိုသည် တဖြည်းဖြည်း လျော့ပါးလျက်ရှိနေသည်။ ရေချိုရှားပါးလာသည်။ ကမ္ဘာ့ရေထု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရေချိုရေသန့်ကျန်တော့သည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်အထိ ရေချိုရှားပါးမှုဒဏ်ကိုခံနေကြရသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ဆိုထားသည်။

ကမ္ဘာပေါ်တွင် ရေချိုများလျော့ကျရှားပါးလာရခြင်းအကြောင်းရင်းများတွင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်သုဉ်းမှု၊ ကမ္ဘာကြီးပူနွေးလာမှု၊ ရှိပြီးဖြစ်သော ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းမထားနိုင်မှု၊ ရေဆိုးများစနစ်တကျ မစွန့်ပစ်မှု၊ စနစ်ကျသော မိလ္လာစနစ်များမရှိမှု၊ မြို့ပြအမှိုက်သရိုက်များကို မဆင်မခြင်စွန့်ပစ်မှု၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ရေချိုများပျက်စီးမှုများက အဓိကအကြောင်းရင်း ဖြစ်နေသည်ကို တွေ့ရှိရသည်။

သဘာဝပတ်ဝန်းကျင်ပျက်သုဉ်းမှုသည် ကမ္ဘာကြီးပူနွေးလာမှုက အစပြုသည်။ ကမ္ဘာကြီးပူနွေးမှုသည် ကောင်းကင်အထက် ၆ မိုင်မှ ၃၀ မိုင်အမြင့်ရှိ အောက်စီဂျင်သုံးလုံးနှင့် ဖွဲ့စည်းထားသော အိုဇုန်းလွှာပေါက်ခြင်းကြောင့်ဟု သုတေသီတို့ကဆိုသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဘေးထွက်ဆိုးကျိုးများ ကြီးစွာကြုံတွေ့ခံစားနေကြရသည်။ တောမီးများအကြီးအကျယ်လောင်မှုကြောင့် သစ်တောများဆုံးရှုံးလာရသည်။ သစ်တောမဲ့ဖြစ်သွားသော တောင်ကုန်းများသည် လွင်တီးခေါင်တောင်ကုန်းများဖြစ်သွားသဖြင့် ရေချိုများကို ထိန်းသိမ်းမထားနိုင်တော့ပေ။

ချီလီနိုင်ငံဒေသအများအပြားတွင် တောမီးလောင်မှုကြောင့် သစ်တောနှင့်စားကျက်များဆုံးရှုံးမှုဟက်တာ ၃၀၀၀၀ ကျော်ခန့်ရှိပြီး အမေရိကန်ဒေါ်လာသန်း ၄၀ ကျော်ခန့် ဆုံးရှုံးခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ တောင်တန်းများတွင် သစ်တောများမီးလောင်မှု အကြီးအကျယ်ဖြစ်ခဲ့ရာ ၎င်းမှမီးခိုးအမှုန်အမွှားများသည် စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်းလ်နိုင်ငံများအပေါ်အထိ ဖုံးလွှမ်း၍ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

ယခုအခါ အခြားနိုင်ငံကြီးများတွင်လည်း တောမီးအကြီးအကျယ်လောင်ကျွမ်းမှုဒဏ်ခံစားနေကြရသည်။ သစ်တောသစ်ပင်ကြီးများနှင့် ဖုံးလွှမ်းနေမှုသည် ပတ်ဝန်းကျင်ကို ၂၀ ရာခိုင်နှုန်းအုပ်မိုးပေးထားနိုင်သဖြင့် အေးမြမှုကို ၈ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ ပေးစွမ်းနိုင်သည်ဟု ဆိုသည်။ အေးမြနေသော သစ်တောသစ်ရိပ်အောက်တွင် ရေချိုများ သိုလှောင်ထိန်းသိမ်းမှုပမာဏများပြားစေသည်။ အမြဲစိမ်းသစ်တောများသည် ၎င်းအပေါ်ရွာသွန်းချသော မိုးရေပမာဏ၏ ၃၆ ရာခိုင်နှုန်းကို စုပ်ယူသိုလှောင်ထားနိုင်သည်ဟု ဆိုသည်။

ဂေဟစနစ်ပျက်သုဉ်းလာမှုကြောင့် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ရေချိုအရင်းအမြစ်များဆုံးရှုံးနေရသည်။ တောပြုန်းတောင်ပြုန်းကတုံးများပေါ်သို့ ရွာချလိုက်သောမိုးရေသည် မြေတွင်းသို့စိမ့်ဝင်သွားနိုင်မှုမရှိတော့ဘဲ တောင်ကတုံးမြေသားများကို တိုက်စား၍ မြစ်ချောင်းအင်းအိုင်များမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာထဲသို့စီးဝင်ကာ အဟောသိကံ ဖြစ်သွားရသည်။ ရေချိုများမှသည် ရေငန်ဘဝသို့ပြောင်းသွားပြီး လူသတ္တဝါသက်ရှိတို့အတွက် ရေချိုရှားပါးမှုကိုဖြစ်ပေါ်စေသည်။ ဤသို့ဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေတံခွန်များခန်းခြောက်မှုကြောင့် မြေအောက်ရေချိုအရင်းအမြစ်များ လျော့ပါးလာသည့်ဖြစ်ရပ်များ ကြုံတွေ့လာကြရသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ စိန်ခေါ်မှုများကြောင့် အာဖရိကဆာဟာရသဲကန္တာရကြီး တဖြည်းဖြည်းကျယ်ပြန့်လာနေသည်။ ဤအကျိုးဆက်ကြောင့် ၎င်းဒေသရှိ လူသန်းပေါင်းများစွာတို့ ရေချိုရှားပါးမှုဒုက္ခကို မလွဲမသွေကြုံတွေ့ခံစားကြရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့လူဦးရေ ၂၀ ရာခိုင်နှုန်းရှိသော တရုတ်ပြည်တွင် ရေအရင်းအမြစ်စုစုပေါင်း၏ ၇ ရာခိုင်နှုန်းသာ ရေချိုရှိသည်ဆို၏။ တရုတ်ပြည်သူလူထု၏ ရေချိုလိုအပ်ချက်မှာ အံ့မခန်းပင်ဖြစ်သည်။

ရေချိုအရင်းအမြစ်များဆုံးရှုံးရမှု နောက်တစ်ချက်မှာ စနစ်တကျထိန်းသိမ်းမှုမရှိသဖြင့် ကမ္ဘာ့အနှံ့ရှိ ရေချိုအိုင်ကြီးများ၊ မြစ်များခန်းခြောက်ရခြင်း၊ ရေ၏အရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်လာရသည်။ အမေရိကန်နိုင်ငံရှိ မစ်ရှီကန်ရေအိုင်ကြီးတစ်ခုမှာပင် ကမ္ဘာ့ရေချိုပမာဏ၏ ၄ ရာခိုင်နှုန်းရှိသည်။ တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက်၊ အာဖရိကတိုက်၊ ဥရောပတိုက်၊ ရုရှားနိုင်ငံ အရှေ့အလယ်ပိုင်းဒေသ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့ရှိ ရေချိုအိုင်ကြီးများ၊ မြစ်ကြီးများခန်းခြောက်ခြင်း၊ ရေအရည်အသွေးကျဆင်းခြင်းများနှင့် ကြုံတွေ့နေရသည်။

ကမ္ဘာပေါ်တွင် ရေချိုပမာဏ၏ ၃၅ ရာခိုင်နှုန်းသည် စက်ရုံအလုပ်ရုံ၊ စိုက်ပျိုးရေးသုံးဓာတုဆေးများ၊ စနစ်မကျသောမိလ္လာစနစ်များ၊ မဆင်မခြင်စွန့်ပစ်သောမြို့ပြအမှိုက်များကြောင့် ရေချိုမှသည် ရေဆိုးရေညစ်အဖြစ်သို့ ပြောင်းလဲသွားရသည်ဟု ဆိုသည်။

အရှေ့တောင်အာရှနိုင်ငံများ၏ ရေချိုပမာဏ ၉၀ ရာခိုင်နှုန်းသည် စက်ရုံအလုပ်ရုံ၊ စိုက်ပျိုးရေးသုံးဓာတုဆေးများ၊ မြို့ပြစွန့်ပစ်အမှိုက်များကြောင့် ညစ်နွမ်းသောရေဘဝသို့ ရောက်နေကြသည်ဟု ဆိုသည်။

မက္ကစီကိုနိုင်ငံရှိ စင်တီရေဂိုမြစ်သည် ကမ္ဘာပေါ်တွင် အညစ်ညမ်းဆုံးမြစ်အဖြစ် အစိမ်းရောင်ငြိမ်းချမ်းရေးအဖွဲ့က သတ်မှတ်ထားသည်။ အဆိပ်သင့်နေသော မက္ကဆီကန်မြစ်များဟု သတ်မှတ်ခံထားရသည်။ ဤသို့ဖြစ်ရသည့် အဓိကအကြောင်းရင်းများမှာ စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ မြို့ပြအမှိုက်များ၊ စနစ်တကျမရှိသောမိလ္လာများကြောင့်ဖြစ်သည်။ အခြားနိုင်ငံပေါင်းများစွာတွင်လည်း အလားတူဖြစ်စဉ်မျိုးများ များစွာဖြစ်ပေါ်နေသည်ကို တွေ့ကြရသည်။ ညစ်ညမ်းသောရေများ၊ အမှိုက်သရိုက်များကို ပြုပြင်စီမံပေးပြီးမှ မြစ်ချောင်းအင်းအိုင်များအတွင်းသို့ လွှတ်ပေးခြင်းသည်သာ ကောင်းမွန်သော ရေအရင်းအမြစ်စီမံခန့်ခွဲမှု နည်းလမ်းဖြစ်သည်။ အဆိုပါနည်းဖြင့် ရေချိုများညစ်ညမ်းစေမှုကို သက်သာရာရစေနိုင်သည်။

ကာရေဘီယံဒေသရှိ ပြည်သူများသည် လူဦးရေ ၁၇ ရာခိုင်နှုန်းသာ မိလ္လာစနစ်အသုံးပြုနိုင်ကြပြီး ကျန် ၈၃ ရာခိုင်နှုန်းမှာ ရေဆိုးရေညစ်များကို လုံးဝပြုပြင်မှုမရှိဘဲ ပကတိအတိုင်း တိုက်ရိုက်စွန့်ပစ်နေကြသည်ကို တွေ့ရသည်ဆို၏။ အမေရိကန်ပြည်ထောင်စု အရှေ့အလယ်ပိုင်း၊ အာဖရိကမြောက်ပိုင်းနှင့်အရှေ့တောင်ပိုင်းတို့တွင် မြေအောက်ရေရှားပါးမှုနှင့် ရေအရင်းအမြစ်လျော့ပါးမှုကို သက်သာစေရန်အတွက် အကူအညီ အထောက်အပံ့

စာ - ၇ သို့

# ရခိုင်ပြည်နယ်မှ တောင်သူလေ့လာရေးအဖွဲ့ နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လာရောက် လေ့လာ







ရေဆင်း မတ် ၄

**အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန IRRI ၏ အထောက်အပံ့ဖြင့် လူထုအားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီး စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းမှ တာဝန်ရှိသူများ ဦးဆောင်သည့် ရခိုင်ပြည်နယ်၊ စစ်တွေ၊ မြောက်ဦး၊ ပုဏ္ဏားကျွန်းနှင့် ပေါက်တောမြို့နယ်များမှ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးပညာပေးဝန်ထမ်းများ၊ အင်အား ၃၀ ဦး ပါဝင်သောလေ့လာရေးအဖွဲ့သည် နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR–ရေဆင်းသို့ ယနေ့နံနက် ၈ နာရီက လာရောက်လေ့လာကြသည်။**

ရခိုင်ပြည်နယ် လေ့လာရေးအဖွဲ့အား စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပ်မျိုးစပါးသုတေသနဌာနစုမှ သုတေသနမှူး ဒေါ်မွေးမွေးနှင့်သုတေသနပညာရှင်များက ဌာနအသီးသီးတွင် ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများကို မှတ်တမ်းတင်ဗွီဒီယိုများဖြင့် ရှင်းလင်းပြသကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်သုတေသနဌာနစုတွင် အာဟာရဖော့်ရည်ဖြင့် မြေလွှာမဲ့ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်များ အပူဒဏ်၊ ဆားငန်ဒဏ်၊ ရေဝပ်ဒဏ်ခံနိုင်သော စပါးမျိုးများသုတေသနပြု စမ်းသပ်ဆောင်ရွက်နေမှုများ၊ စပါးဇီဝဥယျာဉ်၌ ကောက်ရိုးအသုံးပြုပြီး စက္ကူပြုလုပ်ခြင်း၊ တီကျစ်စာမြေဆွေးပြုလုပ်ခြင်း၊ ကောက်ရိုးမှို စိုက်ပျိုးခြင်း၊ နွားစာတုံးပြုလုပ်ခြင်းများကို လေ့လာကြရာ သုတေသနပညာရှင်များက ရှင်းလင်းပြသကြသည်။

လေ့လာရေးအဖွဲ့သည် မျိုးစေ့ဘဏ်ရှိပြခန်း ၁ အတွင်း စပါး၊ ပြောင်းနှင့်နှံစား၊ ပဲမျိုးစုံ၊ ဆီထွက်နှင့်စက်မှုကုန်ကြမ်းသီးနှံပြခန်းများ၊ သီးနှံစိုက်စနစ်၊ သီးနှံပိုးမွှား နှင့်ရောဂါသုတေသန၊ ဇီဝနည်းပညာ (အပင်တစ်သျှူးနည်းပညာ)၊ အဏုဇီဝ၊ မြေဆီလွှာနှင့်ရေအသုံးချရေးသုတေသနပြခန်းများနှင့် မျိုးစေ့ဘဏ်ပြခန်း ၂ အတွင်း သီးနှံမျိုးရိုးဗီဇကွဲများကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြသည်။ **(ပုံများ)**

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်း ဘားအံမြို့၌ ဖွင့်လှစ်

ဘားအံ မတ် ၁၄

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊ စိုက်ပျိုးရေးဦးစီးဌာန (DOA) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူပေါင်း ဆောင်ရွက်မှုစီမံကိန်းအဖွဲ့ (KOPIA) တို့ ပူးပေါင်းဆောင်ရွက်သည့် "အရည်အသွေး ပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာသင်တန်း"ကို ကရင်ပြည်နယ်၊ ဘားအံမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ မျိုးစေ့ထုတ်အသင်းများမှ တာဝန်ရှိသူများ၊ ကော့ကရိတ်နှင့်လှိုင်းဘွဲ့မြို့များမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ (ပုံ)**



စပါးမျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် အဖွဲ့များဖွဲ့၍ မျိုးစေ့ထုတ်လုပ်ရန်နှင့် မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်ရန် ရည်ရွယ်၍ မျိုးစေ့ထုတ်သင်တန်းကို ဖွင့်လှစ်ခဲ့ရာ စပါးမျိုးစေ့ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ဖြန့်ဖြူးခြင်းစနစ်၊ စိုက်နည်းစနစ်များ၊ ပိုးမွှား၊ အပင်ရောဂါနှင့်ပေါင်းမြက်ကာကွယ်နှိမ်နင်းနည်းများ၊ မိဘမျိုးစေ့ထုတ်လုပ်ခြင်း စသည်တို့ကို ဒေသခံတောင်သူ ၅၅ ဦးတို့အား သုံးရက်ကြာစာတွေ့လက်တွေ့ သင်ကြားပို့ချပေးသည်။ **စိုက်ပျိုးရေးသုတေသန**

## ကျောဖုံး – စိုက်ပျိုးရေးဦးစီး မှ

ထုတ်လုပ်မှုလျှော့ချမည့် လုပ်ငန်းစဉ်ယန္တရားအတွက် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းအစီအစဉ်များကို ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း (SMU Project) ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးပြည်နယ်ခြောက်ခုတို့တွင် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်သည်။

၂၀၁၉ ခုနှစ် ဧပြီလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဆိုပါစီမံကိန်းအရ ကနဦးတွင် စီမံကိန်း၌ ပါဝင်သည့်လုပ်ငန်းခွဲ (Component of Project Activities - CPA) ၂၉ ခုကို ဆောင်ရွက်မည်ဖြစ်ပြီး CPA တစ်ခုတွင် အိမ်ထောင်စု ၁၈၀၀၀ ပါဝင်မည်ဖြစ်သည်။ စီမံကိန်းတွင် စွမ်းအားမြင့်မီးဖိုများကို မြန်မာနိုင်ငံစဉ့်အသင်းမှ တာဝန်ယူထုတ်လုပ်ပေးမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးခြင်း၊ သင်တန်းပေးခြင်း၊ အချက်အလက်များကောက်ယူစုဆောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ထင်းသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများပေါ်ပေါက်၍ ဝင်ငွေတိုးပွားစေခြင်း၊ ကာဗွန်ထုတ်လုပ်မှု လျှော့ချလာနိုင်ခြင်း၊ Carbon Credit ရရှိနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ခြင်း၊ ဝန်ထမ်းများအတွက် သွားလာရေးလွယ်ကူစေရန် ယာဉ်နှင့်အထောက်အကူပြုပစ္စည်းများ ရရှိနိုင်ခြင်းတို့အပြင် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**





# ပဲခူးမြို့ တောင်သူဖွံ့ဖြိုးရေးသင်တန်းကျောင်း လေ့လာရေးအဖွဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ လာရောက် လေ့လာ

ရေဆင်း မတ် ၂၂

**ပဲခူးမြို့ရှိ တောင်သူဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးပါဝင်သည့် လေ့လာရေးအဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ရေမြေရာသီဥတုနှင့်ကိုက်ညီသော သီးနှံမျိုးများနှင့် စိုက်ပျိုးနည်းစနစ်များ သုတေသနပြုဆောင်ရွက်နေမှုများနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ သုတေသနပြုမှုများကို ယနေ့နံနက် ၉ နာရီခွဲက လာရောက်လေ့လာကြသည်။ (ပုံ)**

လေ့လာရေးအဖွဲ့အား စိုက်ပျိုးရေးသုတေသနဌာနနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်သုတေသန၊ မြေလွှာမဲ့ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းစနစ်များနှင့် အာဟာရဖျော်ရည်ကို အသုံးပြုစိုက်ပျိုးနည်းစနစ်များ၊ စပါး၊ ပြောင်းနှင့် နှံစား၊ ပဲမျိုးစုံ၊ ဆီထွက်၊ စက်မှုကုန်ကြမ်းသီးနှံပြကွက်၊ သီးနှံစိုက်စနစ်နှင့် မြေဆီလွှာသုတေသနပြကွက်၊ ရေအသုံးချရေး၊ ပိုးမွှား၊ အပင်ရောဂါ၊ ဇီဝနည်းပညာအစရှိသည့် သုတေသနပြခန်းများ၊ မျိုးစေ့ဘဏ်၌ ထိန်းသိမ်းသိုလှောင်ထားသော သီးနှံမျိုးရိုး ဗီဇကွဲများ သုတေသနပညာရှင်များက ရှင်းလင်းပြသကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## စာ – ၆ လူသားတိုင်း မှ

ပေးလျက်ရှိသည်။ မဒဂါစကားနှင့်အီသီယိုးပီးယားနိုင်ငံတို့တွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် ကောင်းမွန်သော မိလ္လာစနစ်ထူထောင်ရေးကို အလေးပေးဆောင်ရွက်ကာ ရေချို့ရှားပါးမှုနှင့် လျော့ပါးမှုကို ကုစားလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေချိုဖူလုံမှုကိုလေ့လာကြည့်လျှင် မြန်မာနိုင်ငံ၏ ရေချိုရရှိနိုင်မှုကို သိရှိနိုင်ရန် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် လူတစ်ဦးချင်း တစ်နေ့ ရေချိုရရှိနိုင်မှုနှိုင်းယှဉ်ကြည့်ပါက ထိုင်းနိုင်ငံတွင် ရေချိုကုဗပေ ၃၂၀ ပေ၊ အိန္ဒိယနိုင်ငံတွင် ရေချိုကုဗပေ ၁၅၆ ရှိနေချိန်တွင် မြန်မာနိုင်ငံ၌ ရေချိုကုဗပေ ၁၀၃၂ ရှိကြောင်း သိရသည်။ နိုင်ငံတကာဇလဗေဒပညာရှင်များ၏ တွက်ချက်မှုအရ လူတစ်ဦးတစ်နေ့ ရေချိုရမှုပမာဏ ၁၆၄ ကုဗပေထက် လျော့နည်းရရှိနေပါက ရေချိုရှားပါးမှုဒုက္ခကို ခံစားနေရသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံတွင် မိုးရေချိန်ပျမ်းမျှ ၈၉ ဒသမ ၀၇ လက်မ ရွာသွန်းလျက်ရှိနေသဖြင့် ရေထုထည်ပမာဏမှာ ကုဗပေသန်းပေါင်း ၅၈ သန်း ဖြစ်သည်။ ၎င်းအနက် ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ဝေနှင့်ရခိုင်ပြည်နယ်ရှိမြစ်များမှတစ်ဆင့် ပင်လယ်ထဲသို့စီးဝင်သည့် ရေထုထည်ပမာဏသည် ကုဗပေသန်းပေါင်း ၂၂ သန်းရှိသည်။ ဤရေပမာဏသည် တစ်နိုင်ငံလုံး ရေချိုပမာဏ၏ ၃၀ ရာခိုင်နှုန်းရှိပြီး ကုဗပေသန်းပေါင်း ၃၆ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၆၂ ရာခိုင်နှုန်းသည် အငွေ့ပျံခြင်း၊ မြေဆီလွှာစိမ့်ဝင်သွားခြင်းများ ဖြစ်ပေါ်နေသည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် ရေချိုလုံလောက်သည်ဆိုသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ရေချိုရှားပါးမှုဒဏ်ကို နှစ်စဉ်ခံစားနေကြရသည်။ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ ကော့မှူးမြို့နယ်၊ ရန်ကုန်ဆိပ်ကမ်းမြို့နယ်တို့တွင် ရေချိုရှားပါးသည့်ဒုက္ခနှင့် နှစ်စဉ်ကြုံတွေ့ခံစားနေကြရသည်။ မြန်မာနိုင်ငံတွင်လည်း ရေချိုကို သတိဝီရိယနှင့်ထိန်းသိမ်းကာကွယ်ရန် လိုအပ်လျက်ရှိနေသည်။

မည်သို့ဆိုစေ ကမ္ဘာကြီးတစ်ခုလုံးအတွက် ခြိမ်းခြောက်နေသော ရေချိုလိုအပ်ချက်ကို ကုစားနိုင်ရန်မှာ နိုင်ငံတိုင်းရှိ လူသားတိုင်းတွင် တာဝန်ရှိနေသည်။ ညစ်ညမ်းသောရေများစွန့်ပစ်မှုမှ ကာကွယ်ခြင်း၊ ညစ်ညမ်းသောရေများကို ပြုပြင်စီမံပြီးမှ စွန့်လွှတ်စေခြင်း၊ မြို့ပြအမှိုက်များကို စနစ်တကျစွန့်ပစ်စေရန် စီမံကြီးကြပ်ဆောင်ရွက်ခြင်း၊ စနစ်ကျသောမိလ္လာစနစ်များ ထူထောင်ပေးခြင်း၊ စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများကို မဆင်မခြင်စွန့်ပစ်မှုကို ထိထိရောက်ရောက်တားဆီးပေးခြင်း၊ သစ်တောများမပြုန်းတီးစေရန် ထိန်းသိမ်းခြင်း၊ သီးနှံစိုက်ပျိုးရေးတွင် ရေလိုအပ်ချက်အနည်းဆုံးနည်းစနစ်များဖြင့် စိုက်ပျိုးစေခြင်း၊ ရေကိုခြွေတာအသုံးပြုစေခြင်း၊ ရေချိုအိုင်ကြီးများမခန်းခြောက်စေရန်နှင့် အရည်အသွေးကျဆင်းမသွားစေရန် ကာကွယ်ထိန်းသိမ်းခြင်းများကို လူသားအားလုံးက တာဝန်သိသိ ရေရှည်စီမံချက်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရန် လိုအပ်နေပြီဖြစ်သည်။

# စားနပ်ရိက္ခာစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ ရယူရေး စင်ကာပူ ကြိုးပမ်းနေ

**စင်ကာပူနိုင်ငံသည် လိုအပ်သော စားနပ်ရိက္ခာစုစုပေါင်း၏ သုံးပုံတစ်ပုံကို ၂၀၃၀ ပြည့်နှစ်ရောက်လျှင် ပြည်တွင်းစိုက်မွေးလုပ်ငန်းမှရယူသွားမည်ဟုဆိုသည်။ ဤလုပ်ငန်းတွင် နောက်ဆုံးပေါ်သိပ္ပံနည်းဖြင့် စိုက်ပျိုးသောဟင်းသီးဟင်းရွက်များနှင့် မွေးမြူရေးငါးများ ပါဝင်၏။ ဤလုပ်ငန်းကို စင်ကာပူအစိုးရသဘာဝပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ဝန်ကြီးဌာနက ကြေညာလိုက်၏။**






ခေတ်မီတိုးတက်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် သုတေသနလုပ်ငန်းကို ဦးစွာပထမ စွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဟု သိရသည်။

အထပ်မြင့်အဆောက်အဦးများအတွင်း ခေတ်မီနည်းဖြင့် သိပ္ပံနည်းကျစိုက်ပျိုးမွေးမြူသွားလျှင် သမားရိုးကျနည်းဖြင့် စိုက်–မွေးထားသည်ထက် ၁၀ ဆမှ ၁၅ ဆအထိ ပိုထွက်သည်ဟု သုတေသီတို့က ပြောကြသည်။

အနာဂတ်လယ်သမားများသည် ကွန်ပျူတာကို အသုံးပြုသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာနိုင်တော့မည်ဟု သက်ဆိုင်ရာဝန်ကြီးက ပြောဆိုလိုက်သည်။

**ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ၂၀၅၀ ပြည့်နှစ်သို့ရောက်လျှင် ကမ္ဘာ့ကောက်ပဲသီးနှံအထွက်သည် ယနေ့အထွက်နှုန်း၏ လေးပုံတစ်ပုံသို့ လျော့ကျသွားဖွယ်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းထိန်းချုပ်ရေးအဖွဲ့က ကြေညာထား၏။**

ပြည်ပမှစားနပ်ရိက္ခာ ၉၀ ရာခိုင်နှုန်းကို ဝယ်ယူအသုံးပြုနေရသည့် စင်ကာပူသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ယခုကတည်းက စတင်ကြိုးပမ်းနေရ၏။

စင်ကာပူ၏ အနာဂတ်လယ်သမားများကို ယခုကတည်းက သိပ္ပံကျောင်းများ၌ ခေတ်သစ်စိုက်–မွေးအတတ်ပညာများကို သင်ကြားပေးနေပြီဟုလည်း သိရသည်။

စင်ကာပူရှိ ပုဂ္ဂလိက စိုက်–မွေးကုမ္ပဏီများကလည်း အစိုးရနှင့်လက်တွဲ၍ လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဟု သိရ၏။

ပုဂ္ဂလိကကုမ္ပဏီများအတွက် လိုအပ်ငွေများကိုလည်း အစိုးရက ထုတ်ချေးသွားမည်ဖြစ်၏။

စိုက်မွေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်များဖြစ်သော ရေ၊ နေရောင်ခြည် စသည်တို့အတွက်လည်း ကြိုတင်ပြင်ဆင်ထားပြီးပြီဟု သိရသည်။

အထူးသဖြင့် ရေရှားပါးသော စင်ကာပူနိုင်ငံသည် သဘာဝမိုးရေကို အားမကိုးဘဲ အလွန်ပေါများသည့် ပင်လယ်ဆားငန်ရည်ကို ရေချိုဖြစ်အောင် စက်မှုနည်းပညာဖြင့် ပြုလုပ်သွားရေး၊ အသုံးပြုပြီး ရေဆိုးရေညစ်များကို ရေသန့်ဖြစ်အောင် ပြုလုပ်သွားရေးအတွက် ဆောင်ရွက်ထားပြီး ဖြစ်၏။

စင်ကာပူနိုင်ငံသားများသည် ယခုကတည်းက ရေကိုချွေချွေတာတာသုံးနေကြရ၏။ အိမ်တွင်းသုံးရေမှာ ၂၀၁၆ ၌ လူတစ်ဦး တစ်နေ့လျှင် ၁၄၈ လီတာသုံးခဲ့ရာမှ ၂၀၁၈ တွင် တစ်နေ့လျှင် လူတစ်ဦး ၁၄၁ လီတာသုံးခဲ့ကြ၏။ ၂၀၃၀ ပြည့်နှစ်ရောက်လျှင် လူတစ်ဦး တစ်နေ့လျှင် ၁၃၀ လီတာသာသုံးရန် ရည်မှန်းချက်ပေးထား၏။

နေရောင်အတွက်မှ ဆိုလာပြားများ အကူအညီဖြင့် အိမ်တွင်းစိုက်အသီးအနှံများကို ပေးသွားရန်ကိုလည်း စီစဉ်ထားကြောင်း သိရသည်။

**(စထရိတ်တိုင်းမ်စ် ၈.၃.၁၉)**

# နွေရာသီ ရာသီဥတုဖောက်ပြန်မှုဒဏ် ခံလိုက်ရသော ဩစတြေးလျနိုင်ငံ

**ကမ္ဘာ တောင်ဘက်ခြမ်းတွင်ရှိသည့် ဩစတြေးလျနိုင်ငံသည် ယခု ၂၀၁၈ ၁၉ နွေရာသီ၌ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အလူးအလဲခံလိုက်ရ၏။ ရာသီဥတုပူပြင်းမှုသည် ရှေးကထက်လွန်ကဲလာပြီး တောမီးများလောင်ခြင်းနှင့် ရေကြီးခြင်းကလည်း နိုင်ငံအနှံ့တွင် ပေါ်ပေါက်ခဲ့သည်။**

တစ်နိုင်ငံလုံးတွင် စံချိန်သစ်ပေါင်း ၂၀၀ ခန့် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလကုန်တွင် ကုန်ဆုံးသော ၂၀၁၈/၁၉ နွေရာသီ သုံးလတွင် ဩစတြေးလျနိုင်ငံအနှံ့ ရာသီဥတုဖောက်ပြန်မှုသည် ပေါ်ပေါက်ခဲ့၏။

အချို့မြို့များ၌ ရာသီဥတု အပူချိန်သည် စံချိန်တင် ၄၉ ဒသမ ၅ ဆဲလ်စီးယပ်စ်၊ ၄၆ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယမ်စ်အထိ ရှိခဲ့၏။

ယင်းသို့ဖြစ်ရခြင်းမှာ လူတို့၏ ပယောဂကြောင့် လေထုမှာ ကာဗွန်ဓာတ်ငွေ့များဖြင့် ပြည့်ကျပ်နေပြီး လေထုသည် ရှေးကထက်ပို၍ ပူနွေးလာ၏။ ရုပ်ကြွင်းလောင်စာများကို အသုံးများခြင်းသည် အဓိကအကြောင်းရင်းတစ်ခု ဖြစ်၏။

အပူချိန်ပြင်းထန်ချိန်တွင် ဒေသအချို့၌ ဥပမာ–ကွင်းစ်လန် မြောက်ပိုင်းတွင် ၁၀ ရက်အတွင်း ရွာသောမိုးရေချိန်မှာ ၁၂၅၇ မီလီမီတာအထိရှိခဲ့ပြီး ရှေးကတစ်နှစ်လုံးမှ ရွာသွန်းသော မိုးရေချိန်ထက် သာလွန်သွား၏။

ဩစတြေးလျ၏ နွေရာသီ ရက် ၉၀ အတွင်း ရာသီဥတုဆိုင်ရာ စံချိန် ၂၀၆ ခု ကျိုးသွားရာ ၎င်းစံချိန်များတွင် နေရာ ၈၇ ခု၌ အပူစံချိန်များကျိုးသွားပြီး မိုးရွာသွန်းမှုအနည်းဆုံးစံချိန်မှာလည်း နေရာ ၉၆ နေရာ၌ပေါ်ပေါက်ခဲ့ပြီး မိုးရွာသွန်းမှုအများဆုံးစံချိန်မှာ နေရာ ၁၅ နေရာ၌ ပေါ်ပေါက်ခဲ့၏။**(စထရိတ်တိုင်းမ်စ် ၈.၃.၁၉)**






# ၂၀၁၈/၂၀၁၉ တွင် ဗီယက်နမ် ကော်ဖီအထွက်ကျဆင်းမည်

**ယနေ့ ကမ္ဘာတွင် လူတို့အများဆုံးသောက်သုံးအရည်တစ်မျိုးမှာ ကော်ဖီဖြစ်၏။ ထို့ကြောင့် ကော်ဖီစိုက်ပျိုးရေးသည် စီးပွားရေး၌ အရေးပါလာ၏။**

အရှေ့တောင်အာရှမှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဗီယက်နမ်သည် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေကောင်းလျက်ရှိရာ ယခု ၂၀၁၈–၂၀၁၉ ရာသီတွင် ဗီယက်နမ်၏ ကော်ဖီအထွက်မှာ ကျဆင်းမည်ဟု ခန့်မှန်းချက်များ ပေးလာကြသည်။

ယခုအခါ ကမ္ဘာတွင် ကော်ဖီဒုတိယအများဆုံးထွက်သည့် ဗီယက်နမ်၏ ကော်ဖီစိုက်ပျိုးရာဒေသများတွင် ရာသီဥတုဖောက်ပြန်ကာ ရေရရှိမှုနည်းခြင်းနှင့် အပူချိန်များခြင်းကြောင့် အထွက်နှုန်းကျမည်ဟု ဗီယက်နမ်ကော်ဖီအသင်းမှ ၂၀၁၉မတ်လဆန်းက သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်၏ အဓိကကော်ဖီစိုက်ပျိုးရာဒေသကြီးဖြစ်သည့် ဗဟိုကုန်းမြင့်များဒေသ၌ နိုဝင်ဘာမှ ဧပြီလအထိဖြစ်သော နွေရာသီကာလ၌ မိုးရေရရှိမှုနည်းပါးပြီး အပူချိန်တိုးလာသည်ဟု ဗီယက်နမ်သတင်းဌာနများက သတင်းဖော်ပြကြသည်။ မြစ်များ၊ ချောင်းများ၌လည်း ရေများပိုနည်းသွား၏။

ယခုနှစ်တွင် ကော်ဖီဈေးနှုန်းကလည်း ကျဆင်းနေပြန်ရာ ဗီယက်နမ်ကော်ဖီစိုက်ပျိုးရေးသမားများသည် စိတ်ဓာတ်ရေးရာလည်း ကျဆင်းလာကြ၏။ ကော်ဖီစိုက်ခင်းများတွင် နောက်ထပ်အရင်းအနှီးများထည့်သွင်းရန် မပြုလုပ်ကြတော့ဟု သိရသည်။

ဗီယက်နမ်တွင် ကော်ဖီစေ့များကို နှစ်စဉ် နိုဝင်ဘာနှင့်ဒီဇင်ဘာလများ၌ ဆွတ်ခူးလေ့ရှိသည်။

ရာသီဥတုဖောက်ပြန်ရသည့်အထဲ ပိုးမွှားများကလည်း အပင်များကို ဖျက်ဆီးကြသည်ဟု ဗီယက်နမ်ကော်ဖီအသင်းက သတင်းထုတ်ပြန်ထားသေးသည်။

ဗီယက်နမ်ပြည်တွင်းကော်ဖီဈေးနှုန်းမှာလည်း ၂၀၁၇ မတ်လ၌ ဒေါင် ၄၇၆၅၀ အထိရှိခဲ့ရာမှ ယခုနှစ်တွင် ဒေါင် ၃၂၇၀၀ နှင့် ၃၈၂၅၀ အကြားသာ ရှိတော့သည်ဟု ရိုက်တာသတင်းဌာနက သတင်းရေးသားထားသည်။

ယခု ၂၀၁၈/၂၀၁၉ တွင် ဗီယက်နမ်၏ ကော်ဖီအထွက်မှာ ၆၀ ကီလိုဂရမ်အိတ်ပေါင်း သန်း ၃၀ ရှိမည်ဟုလည်း ရိုက်တာသတင်းဌာနက သတင်းရေးသားထားသည်။

ဗီယက်နမ်သည် ရိုဘတ်စတာနှင့် အရေးဘီကားကော်ဖီနှစ်မျိုးစလုံးကို စိုက်ပျိုးရာ အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာန၏ ခန့်မှန်းချက်၌ ယခုနှစ်တွင် ဗီယက်နမ်၏ ကော်ဖီအထွက်မှာ ၆၀ ကီလိုဂရမ်အိတ်ပေါင်း ၃၀ ဒသမ ၄ သန်းရှိမည်ဟုလည်း ခန့်မှန်းထား၏။

**(ဘန်ကောက်ပို့စ် ၆.၃.၁၉)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ငါးလုပ်ငန်းကဏ္ဍ အဂတိမှု အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက် အမှာစကား ပြောကြား

## ငါးလုပ်ငန်းဆိုင်ရာ တားဆီးကာကွယ်မှုများတွင် အဟန့်အတားများဖြစ်ပေါ်နိုင်သည့် အဂတိမှုများ ကင်းရှင်းရေးသည်လည်း အရေးပါ




နေပြည်တော် မတ် ၇

နိုင်ငံတကာ ဒေသတွင်းနှင့်သက်ဆိုင်ရာကဏ္ဍများက ပူးပေါင်းပါဝင်သော ငါးလုပ်ငန်းဆိုင်ရာ ပြစ်မှုများတွင် အဂတိလိုက်စားမှုများအပေါ် ဖြစ်နိုင်ခြေများနှင့်အားနည်းချက်များအား ရှာဖွေဖော်ထုတ်၍ ငါးလုပ်ငန်းကဏ္ဍ အဂတိမှုအသိပညာပေးတားဆီးကာကွယ်ခြင်း၊ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှု အလေ့အထများဖော်ဆောင်ပေးခြင်းဖြင့် စဉ်ဆက်မပြတ်သာတူညီမျှ ဖွံ့ဖြိုးစေရေးကို အဟန့်အတားဖြစ်စေသည့် အဂတိမှုများလျှော့နည်းပပျောက်ရေးကို ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်တွင် ကျင်းပသည့် ငါးလုပ်ငန်းကဏ္ဍ အဂတိမှု အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)

ငါးလုပ်ငန်းကဏ္ဍအဂတိမှု အသိအပညာပေးအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့ UNODC မှ ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားရာ၌ ငါးမွေးမြူရေးလုပ်ငန်းသည် ငါးစားသုံးခြင်း၊ ငါးအခြေခံထွက်ကုန်များအပါအဝင် အစားအစာအာဟာရဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အမ်းများစွာကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသည့် ငါးနှင့်ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးစေရေးတို့အတွက် အခြေခံအဆောက်အဦများနှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုများ တိုးတက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသကဲ့သို့ ငါးလုပ်ငန်းဆိုင်ရာ တားဆီးကာကွယ်မှုများတွင် အဟန့်အတားများဖြစ်ပေါ်နိုင်သည့် အဂတိမှုများ ကင်းရှင်းရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ပင်လယ်သမုဒ္ဒရာအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့စွာ အသုံးချနိုင်ရန်၊ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုအလေ့အထများ လုပ်ဆောင်ရန်၊ အများပြည်သူဆိုင်ရာ အရင်းအမြစ်များကို မှားယွင်းစွာ စီမံခန့်ခွဲမှုမှကာကွယ်နိုင်ရန်၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများနှင့် တားဆီးကာကွယ်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်တို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတာဝန်ရှိသူများ၊ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုခင်းဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့ UNODC မှ တာဝန်ရှိသူများ၊ နော်ဝေနိုင်ငံမှ ပညာရှင်များ ပူးပေါင်း၍ ငါးလုပ်ငန်းကဏ္ဍ အဂတိမှု အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

---

# အသုံးချကွန်ပျူတာနည်းပညာပေးသင်တန်းဆင်းပွဲ ရေဆင်းတွင် ကျင်းပ

ရေဆင်း မတ် ၁၉

**ကိုရီးယားနိုင်ငံ AFACI Project များထဲမှ တစ်ခုဖြစ်သည့် စိုက်ပျိုးရေးသတင်းအချက်အလက်ကွန်ရက်များ ထူထောင်ခြင်း (ATIN) စီမံကိန်း၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR ရေဆင်း၌ ဖွင့်လှစ်သည့် အသုံးချကွန်ပျူတာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက နိုင်ငံတော်အနေဖြင့် Digital Government Strategy နှင့် e-Government System စနစ်ထူထောင် အကောင်အထည်ဖော်လျက်ရှိရာ စိုက်ပျိုးရေးသုတေသီများအနေဖြင့် သုတေသနလုပ်ငန်းများတွင် သီးနှံမှတ်တမ်းများကို အီလက်ထရောနစ်စက်ကိရိယာများ (Electronic Devices) အသုံးပြုကာ မှတ်တမ်းများကောက်ယူခြင်း (Data Collection) နှင့် Data Server တွင် စနစ်တကျ သိမ်းဆည်းခြင်းများ ဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုရှိစေရန် ယခုကဲ့သို့ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ နည်းပညာများအသုံးပြုကာ သုတေသနမှတ်တမ်းများ ကောက်ယူခြင်း (Data Collection)၊ တွက်ချက်ခြင်း (Data Analysis)၊ ကောက်ချက်ချခြင်း (Interpretation) များပြုလုပ်ပြီး တောင်သူများထံနည်းပညာဖြန့်ဝေခြင်းများ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ အင်တာနက်အသုံးပြု၍ E-mail မှတစ်ဆင့် ဌာနတွင်းနှင့် ဝန်ကြီးဌာနအချင်းချင်းချိတ်ဆက်ကာ နည်းပညာသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်၍လည်း သတင်းအချက်အလက်နှင့်နည်းပညာများ ရယူနိုင်ခြင်း၊ နိုင်ငံတကာမှ သုတေသနလုပ်ငန်းများကို လေ့လာနိုင်ခြင်းတို့ကြောင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ (ပုံ)

ထို့နောက် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး ထူးချွန်သင်တန်းသား ဦးကြင်အုန်း၊ ဦးတင်ထွန်းနှင့် ဦးနေရဲထွန်းတို့အား ဂုဏ်ပြုဆုချီးမြှင့်သည်။




အဆိုပါသင်တန်းကို သုတေသနဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် သင်ကြားပို့ချခဲ့ရာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၀ ရက်အထိ တစ်လကြာမြင့်သည်။ ယနေ့ ဆဋ္ဌမကြိမ်အထိ ကွန်ပျူတာပညာရှင် ၁၃၅ ဦးတို့ကို သင်ကြားပို့ချပေးပြီးကြောင်း သိရသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

# ငမြောင်တောင်ပိုး ဘက်စုံစုပေါင်းကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများအလုပ်ရုံ ဆွေးနွေးပွဲ ရေဆင်းတွင် ကျင်းပ

နေပြည်တော် မတ် ၁၄

**ငမြောင်တောင်ပိုး (Fall Army worm) ဘက်စုံစုပေါင်းကာကွယ် နှိမ်နင်းခြင်းနည်းလမ်းများအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ရေဆင်းစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်း ကျောင်းတွင်ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Scot Marciel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မီချီကန်တက္ကသိုလ်ပါမောက္ခ Professor Duncan Boughton နှင့် ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သီးနှံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယခုနှစ် ကျရောက်ဖျက်ဆီးခဲ့သည့် ငမြောင်တောင်ဖျက်ပိုး (Fall Armyworm) သည် ၂၀၁၈ ခုနှစ် ဆောင်းရာသီတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စိုက်ခင်းများတွင် စတင်ကျရောက်ခဲ့ပြီးနောက် မျိုးစိတ်အသစ်အဖြစ် အတည်ပြုနိုင်ခဲ့သည်။

ငမြောင်တောင်ပိုး (Fall Army-worm) ဖျက်ပိုးကျရောက်သည့်ဒေသများတွင် လိုအပ်သည့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး လာမည့်ကာလများတွင် သီးနှံများအပေါ် ဆိုးဝါးစွာကျရောက်ဖျက်ဆီးမှု မရှိစေရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသအနှံ့တောင်သူလယ်သမားများ နားလည်သတိပြုမိစေရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သတင်းအချက်

စာ - ၁၁ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပေါင်းလောင်းရေလှောင်တမံကြံ့ခိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များ ကြည့်ရှု စစ်ဆေး၊ စက်ရေတွင်း၊ ရေတင်စက်နှင့်သောက်ရေကန်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် မတ် ၁၆

**ဆည်** တမံကြီးများ၏ ကြံ့ခိုင်မှုနှင့်ဘေးကင်းလုံခြုံမှုကို ပွင့်လင်းရာသီတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍများအလိုက် ရေးဆွဲဆောင်ရွက်ရန်နှင့် ဆည်တမံများအနေဖြင့် စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြုခြင်းများအပြင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းများအတွက်ပါ အကျိုးပြုလျက်ရှိရာ ဆည်တမံကြီးများ ရေရှည်အကျိုးရှိစွာအသုံးပြုနိုင်ရေး အထူးဂရုပြုဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ပေါင်းလောင်းရေလှောင်တမံ ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့်ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှင်းလင်းတင်ပြသည်။

ပေါင်းလောင်းရေလှောင်တမံသည် ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာအနီး ပေါင်းလောင်းမြစ်ပေါ်ရှိ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ တမံအလျား ၃၁၀၀ ပေ၊ တမံအမြင့် ၄၃၀ ပေရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၃၂၇၅၇၆၀ ဧကပေရှိသည်။ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၇၀ မဂ္ဂါဝပ်လေးလုံးကို လည်ပတ်မောင်းနှင်ပေးလျက်ရှိပြီး ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး ရေလွှဲဆည်မှ တစ်ဆင့် စိုက်ပျိုးမြေဧက ၃၅၀၀၀ ကို




အကျိုးပြုလျက်ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့သည် စေတနာမျှဝေခြင်းအစီအစဉ်အရ ဒဂုံတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာမေမြင့်စီနှင့် အလှူရှင်များက ၄ လက်မ စက်ရေတွင်း၊ ရေတင်စက်နှင့် သောက်ရေကန်လှူဒါန်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုစကား ပြောကြားသည်။

အခမ်းအနားတွင် အလှူရှင် ဒဂုံတက္ကသိုလ် ရူပဗေဒဌာနပါမောက္ခ ဌာနမှူး ဒေါက်တာမေမြင့်စီနှင့် အလှူရှင်များက စက်ရေတွင်း၊ ရေတင်စက်နှင့် သောက်ရေကန်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား ပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်တစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ (ပုံ)

နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်း စီမံချက်များတွင် မပါဝင်သေးသော်လည်း သောက်သုံးရေရရှိရေး အပါအဝင် လတ်တလောအခက်အခဲရှိနေသည့် ကျေးရွာများ၏ လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ စေတနာမျှဝေခြင်းအစီအစဉ်အရ စေတနာရှင်အလှူရှင်များ၏ ပူးပေါင်းမှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့လှူဒါန်းမှုဖြင့် နေပြည်တော် တပ်ကုန်းမြို့နယ် ပိတောက်ကုန်းကျေးရွာရှိ လူဦးရေ ၁၂၂၀ ဦးအတွက် သန့်ရှင်းသော သောက်သုံးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

MOALI ပြန်ကြားရေး

# ဖျာပုံမြို့နယ် နွေစပါးအောင်ရေး၊ မိုးစပါးရေကြီးနစ်မြုပ်မှုလျော့ပါးရေး ကျိုက္ကဘာ–အလန်းဖလွတ်မြောင်းကော တူးဖော်

ဖျာပုံ မတ် ၁၃

**ဖျာပုံ** မြို့နယ်အတွင်း ယခုနှစ် နွေစပါးအောင်ရေလုံလောက်စွာရရှိရေးနှင့် လာမည့်မိုးတွင်းကာလ မိုးစပါးရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးအတွက် ဖျာပုံမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သမ္မာန်အေး–ကျိုက္ကဘာတာဧရိယာအတွင်း ချောင်းကောမြောင်းကောများအား တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် အကျယ် ၃၀ ပေ၊ အောက်ခြေအကျယ် ၂၂ ပေ၊ ပျမ်းမျှအနက် ၅ ပေနှင့် အလျား ခြောက်မိုင်ကျော်ရှိ ကျိုက္ကဘာ–အလန်းဖလွတ်မြောင်းကို နွေစပါးစိုက်ပျိုးရာသီအမီ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ (ပုံ)



အလန်းဖလွတ်ကျေးရွာမှ နွေစပါးဧက ၁၀၀ ကျော် စိုက်ပျိုးသည့် တောင်သူ ဦးရွှေမြင့်သိန်းက “နွေစပါးစိုက်ပျိုးနေတဲ့ တောင်သူတွေအတွက် ကျိုက္ကဘာ–အလန်းဖလွတ်မြောင်းမကြီးက အတော့်ကို အဓိကကျပါတယ်။ ဒီမြောင်းက ရေချိုနဲ့စိုက်ပျိုးနေရသလို မိုးရာသီမှာလည်း ကျွန်းတွင်းက ပိုလျှံရေကို ဒီမြောင်းကပဲ ပြန်ထုတ်ရတာပါ။ တကယ်လိုအပ်ချက်အရ တူးဖော်ပေးလို့ နွေစပါးတစ်နှစ်ထက်တစ်နှစ် သိသိသာသာစိုက်ပျိုးအောင်မြင်လာပြီး စိုက်ဧကတိုးတက်လာတာနဲ့အမျှ လုံလောက်တဲ့ရေချိုပမာဏရဖို့လည်း လိုအပ်လာလို့ ကျန်တဲ့မြောင်းတွေကိုလည်း အလျဉ်းသင့်သလို ဆက်လက်တူးဖော်ပေးစေချင်ပါတယ်”ဟု ပြောသည်။

အဆိုပါ ကျိုက္ကဘာ – အလန်းဖလွတ်မြောင်းသည် အလျားနှစ်မိုင်၊ ရေဘေးကာကွယ်မှုဧက ၁၅၀၁ ဧကရှိ သမ္မာန်အေး–ကျိုက္ကဘာတာနှင့် ဆက်စပ် ဧရိယာများကို အကျိုးပြုလျက်ရှိပြီး ဧက ၁၃၀၀၀ ခန့် စိုက်ပျိုးအောင်မြင်နေသည့် အလန်းဖလွတ်၊ ကျိုက္ကဘာ၊ သမိန်ထောကုန်းတန်း၊ သမိန်ထောသိမ်ကုန်းနှင့် သုံးထပ်စသည့် ကျေးရွာအုပ်စုများ၏ နွေစပါးစိုက်ပျိုးမှုကို အထောက်အကူပြုလျက်ရှိသဖြင့် ၂၀၁၈–၂၀၁၉ တွင် အလျားပေ ၁၁၆၈၀ ပေ လျာထားချက်ကို တင်ဒါအောင်မြင်သည့် သစ္စာပြည့်စုံကုမ္ပဏီက တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၂ အထိ အလျားပေ ၃၀၀၀၀ ခန့်ပြီးစီးနေပြီဖြစ်သည်။ **သပြေထွန်း**

ဖျာပုံမြို့နယ် ကျိုက္ကဘာ-အလန်းဖလွတ်မြောင်းတူးဖော်နေမှုကို တွေ့ရစဉ်။

စာ – ၁၀ ငမြှောက်တောင်ပိုး မှ

အလက်များ မျှဝေဆောင်ရွက်သွားမှာဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက မြန်မာနိုင်ငံတွင် ငမြှောက်တောင်ပိုး ဖျက်ပိုးကျရောက်နေမှု အခြေအနေများကို လည်းကောင်း၊ Dr.Rafael Bujanos Muniz က မက္ကစီကိုနိုင်ငံတွင် ငမြှောက်တောင်ပိုးကို ဘက်စုံစုပေါင်းကာကွယ်ရေးနည်းလမ်း အတွေ့အကြုံများကိုလည်းကောင်း၊ Dr.Dennis Nolon နှင့် Dr.Ruth Mbabazi တို့က အာဖရိကတွင် ငမြှောက်တောင်ပိုးကို ကာကွယ်နှိမ်နင်းရေးနည်းလမ်းအတွေ့အကြုံများကိုလည်းကောင်း၊ Dr.David Mota-Sanchez က အမေရိကန်နိုင်ငံတွင် ငမြှောက်တောင်ပိုးကို ကာကွယ်နှိမ်နင်းရေးနည်းလမ်းအတွေ့အကြုံများကို လည်းကောင်း၊ Dr.N.Mutukrishnan နှင့် Dr.Nutan Kaushik တို့က အိန္ဒိယနိုင်ငံတွင် ငမြှောက်တောင်ပိုးကို ကာကွယ်နှိမ်နင်းရေးနည်းလမ်းအတွေ့အကြုံများကို လည်းကောင်း၊ Dr.Horst Weyerhaeuser က နိုင်ငံတကာပြောင်းနှင့်ဂျုံဖွံ့ဖြိုးရေးစင်တာ၏ ကာကွယ်နှိမ်နင်းရေးနည်းလမ်းအတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ငမြှောက်တောင်ပိုးဘက်စုံစုပေါင်းကာကွယ်ရေးနည်းလမ်းများနှင့်ပတ်သက်၍ အုပ်စုလိုက် ဆွေးနွေးကြသည်။

ထို့နောက် ကင်းထောက်လေ့လာခြင်းနှင့် အစောပိုင်းသတိပေးစနစ်၊ ကာကွယ်နှိမ်နင်းခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းနည်းဗျူဟာများ၊ ပိုးသတ်ဆေး၊ ဇီဝပိုးသတ်ဆေးစသည့် သွင်းအားစုများ ထောက်ပံ့ခြင်း၊ ဘေးကင်းစွာ ကိုင်တွယ်အသုံးပြုခြင်းနှင့် လိုက်နာရမည့်လုပ်ငန်းစဉ်များ၊ နည်းပညာနှင့်လူမှုစီးပွားဆိုင်ရာ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် ပညာပေးနည်းလမ်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲကို စိုက်ပျိုးရေးဦးစီးဌာနနှင့် USAID တို့ပူးပေါင်း၍ မတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပရာ ငမြှောက်တောင်ပိုး (Fall Army worm) ကို အချိန်မီစစ်ဆေးတွေ့ရှိပြီး အမျိုးအစားခွဲခြားနိုင်ရန်၊ ဇီဝကမ္မနှင့်ဖျက်ဆီးပုံလက္ခဏာများ၊ စီးပွားရေးထိခိုက်နိုင်ခြေနှင့် ဘက်စုံကာကွယ်ရေးနည်းလမ်းများအပေါ် သတိပြုရွေးချယ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

MOALI ပြန်ကြားရေး



# မြို့နယ်သမဝါယမ လူထုအသိပညာပြန့်ပွားရေး ဆွေးနွေးပွဲ မအူပင်တွင် ကျင်းပ

မအူပင် မတ် ၁၄

**မြို့နယ်** အဆင့်သမဝါယမ လူထုအသိပညာပြန့်ပွားရေးဆွေးနွေးပွဲနှင့် သမဝါယမအသင်းများတွင် Eximbank ချေးငွေလုပ်ငန်းများနှင့် ပတ်သက်သည့် ကွင်းဆင်းစစ်ဆေးခြင်းကို မအူပင်မြို့နယ် သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမ ဦးစီးအရာရှိ ဒေါ်မီမီတာရီထွန်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အခြေခံသမဝါယမအသင်း ၁၂၈ သင်းမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။ (ပုံ)

မြို့နယ်သမဝါယမအသင်းစု

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စက်မှုလယ်ယာ စနစ်ကျ လယ်မြေဖော်ထုတ်ရေးလုပ်ငန်းခွင် စစ်ဆေးကြည့်ရှု

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၈-၂၀၁၉ ခုနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဖော်ထုတ်သော စက်မှုလယ်ယာ စနစ်ကျလယ်မြေ ၁၀၂ ဧက ဖော်ထုတ်ရေးစီမံကိန်း ရှင်းလင်းတင်ပြခြင်းကို မတ် ၁၀ ရက်နံနက်က လက်ပံတန်းမြို့နယ် မင်းလမ်းကျေးရွာ သပြေကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူများအား ရေရရှိရေးနည်းလမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးမှာကြားရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမြင့်နှင့်စက်မှု လယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းရွှေတို့က ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် သာယာကုန်းကျေးရွာအုပ်စုတွင် တည်ဆောက်လျက်ရှိသော Community Learning Centre အဆောက်အဦ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။ ■





# ကြံအထွက်တိုးရေး နည်းပညာပေးဆွေးနွေးပွဲ လောက်ကိုင်တွင် ကျင်းပ

ကြံအထွက်တိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ရွှေယင်စီးကျေးရွာအုပ်စုတွင် မတ် ၁၃ ရက်နံနက်က ကျင်းပရာ စိုက်ပျိုးရေးဝန်ထမ်းများနှင့် ကြံတောင်သူများ တက်ရောက်ကြသည်။ (ပုံ)

အဆိုပါပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက ကြံသီးနှံဇရိယာ တိုးချဲ့စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် အသုံးပြုရေး၊ မြို့နယ်ဦးစီးမှူး ဦးမြင့်လွင်က ကြံတစ်ဧကအထွက်နှုန်းတိုးရေးအတွက် ခင်းသစ် ဧရိယာများနှင့်လမိုင်းဧရိယာများ အထွက်တိုးရေးနည်းလမ်းများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးမိုးမင်းစိုးက ကြံသီးနှံပိုးမွှားရောဂါများနှင့် ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုခြင်း နည်းလမ်းများကို ပညာပေးဆွေးနွေးကြသည်။ ■

# စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး ဝန်ထမ်းများနှင့်တွေ့ဆုံ ဆွေးနွေး



စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုသည် မတ် ၁၆ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် တိုင်း၊ ခရိုင်နှင့်မြို့နယ်များမှ ဝန်ထမ်းများနှင့်တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ ■

# စပါးပျိုးထောင်စနစ်နှင့်ကောက်စိုက်စက် ကွင်းလက်တွေ့ပြပွဲ ဒီးမော့ဆိုတွင် ကျင်းပ

အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှုစရိတ်သက်သာပြီး အထွက်နှုန်းတိုးတက်စေရန် စပါးပျိုးထောင်နည်းစနစ်နှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း ကွင်းလက်တွေ့ပြပွဲကို မတ် ၈ ရက်နံနက်ပိုင်းက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် စံပြ ၆ မိုင်ကျေးရွာအုပ်စု ငွေတောင်မျိုးသန့်ခြံတွင် ကျင်းပရာ ပြည်နယ်/ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ Minoru Keiwa Co.Ltd မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ဒီးမော့ဆိုမြို့နယ်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုမြို့နယ်မှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။ (ပုံ)

အဆိုပါကွင်းလက်တွေ့ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးခန့်က အဖွင့်အမှာစကားပြောကြားကာ ဒုတိယပြည်နယ်ဦးစီးမှူး ဦးစိုင်းသန်းအောင်က (Minoru Pot) စနစ်ဖြင့် ပျိုးထောင်ခြင်းနည်းပညာများ၊ Minoru-keiwa Co.Ltd အထွေထွေမန်နေဂျာ Masanori Ohmori က ကောက်စိုက်စက်စွမ်းရည်များကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့ပြသသည်။ ■



သိန်းဖေ စုစည်းတင်ပြသည်။

# နွေစပါးစံပြကွက် စမ်းသပ်ကွက်များ ကွမ်းခြံကုန်းတွင် စစ်ဆေး

နွေစပါး SRI GAP စနစ်များဖြင့် စံပြကွက် စမ်းသပ်ကွက်များ စိုက်ပျိုးခြင်းကို ကွမ်းခြံကုန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက် နေ့လယ်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးကြသည်။ (ပုံ) ■



# မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ပဲခူးမြို့ ၁၀ မိုင် ဘက်စုံသင်တန်းကျောင်းတွင် ဖွင့်လှစ်



စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲက မှိုမျိုးစုံမွေးမြူစိုက်ပျိုး ထုတ်လုပ်နည်းသင်တန်း ၂/၂၀၁၉ ဖွင့်ပွဲကို မတ် ၆ ရက်နံနက်ပိုင်းက ၁၀ မိုင်ဘက်စုံသင်တန်းကျောင်းတွင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး နှင့်ပြည်နယ်ကိုးခုမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ကြသည်။ (ပုံ)

သင်တန်းကာလတစ်ပတ်အတွင်း စိုက်ပျိုးရေးပညာရှင်များက မှိုစိုက်ပျိုးခြင်းနည်းပညာများ၊ ဆေးဖက်ဝင်မှိုမျိုးများ၊ အပူပိုင်းဒေသမှိုမျိုးများဖြစ်သည့် ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှို၊ နို့စိမ်းမှို၊ လင်ဇီးမှိုနှင့်အအေးပိုင်းဒေသမှိုမျိုးများဖြစ်သော ရှိတာကီမှို၊ မျောက်ခေါင်းမှို၊ ကြယ်သီးမှို၊ ရွှေအပ်မှို ခေါ် အီနိုကီတာကီမှိုများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နည်းများ သင်ကြားပို့ချပေးပြီး လှည်းကူးမြို့ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) သို့ လက်တွေ့လေ့လာရေးခရီးသွားရောက်ကြကာ မှိုစိုက်ပျိုးသူများအသင်းမှ စိုက်ပျိုးထုတ်လုပ်သူများက မှိုအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်ခြင်းဘာသာရပ်နှင့် စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ၊ ဝဥစိုက်ပျိုးထုတ်လုပ်ခြင်းဘာသာရပ်များ မိတ်ဆက်ပညာပေးဆွေးနွေးပို့ချကြသည်။ အဆိုပါသင်တန်းကို မတ် ၆ ရက်မှ ၁၂ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပို့ချသည်။ ■

# တောင်သူဝင်ငွေတိုးအောင် စပါးနှင့်ချဉ်ပေါင်တွဲစေချင်

မျိုးသူ
(စိုက်ပျိုးရေး)

**မြန်မာ** **လူမျိုးတို့၏ ဟင်းလျာများတွင် ချိုချဉ်နယ်ဖန်ခါးစပ်ဟူသော ရသာခြောက်ပါးစုံလင်အောင် စားသုံးလေ့ရှိကြသည်။ အတို့အမြုပ်ဟင်းလျာတစ်ခွက်ပါမှ ထမင်းစား၍မြိန်သကဲ့သို့ အသီးအရွက်ပါမှလည်း အရသာတွေ့ကြသည်။**



လယ်ပဒူ၊ ရေကညွတ်၊ ကုန်းခလာ၊ မှိုနတို စသည်တို့သည် ကျေးလက်ထမင်းဝိုင်း၏ စားမြိန်စာများဖြစ်ကြ၏။ ထိုနည်းတူ ထမင်းဝိုင်းအတွင်း သူပါလျှင် ပွဲပိုစည်ဟု ပြောရမလောက် ထမင်းစားဝင်စေသည်ကတော့ ကျေးလက်မြို့ပြမြန်မာ့စရိုက် မြန်မာအကြိုက်ဟုပင် ပြောရမည့်ချဉ်ပေါင်ဟင်းလျာပင်ဖြစ်သည်။

“ရွှေချဉ်ပေါင်လက်ခြားကြက်သားနှင့် မလဲပေါင်” “ရွှေချဉ်ပေါင်တုံးကာမှ မောင်ဖုန်းပြန်လာမည်”စသည့်ရိုးရာစကားပုံ၊ ပြောစမှတ်များ ဖြစ်တည်ခဲ့ရသည်အထိ ချဉ်ပေါင်က အရေးပါလှသည်။

ချဉ်ပေါင်မျိုးနှစ်မျိုးရှိ၏။ ဒေသအခေါ် ချဉ်ပေါင်နီခေါ်သော ချဉ်ပေါင်ရိုးရိုး (Roselle) နှင့် ချဉ်ပေါင်လက်ခြား (လက်ကြား)ဒေသအခေါ် ဓာတ်စာချဉ်ပေါင် ခေါ် ချဉ်ပေါင်လျှော်မျိုး (Kenaf) ဖြစ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်းအဆိုအရ ချဉ်ပေါင်သည် အအေးစာဖြစ်၏။ ပါစကဝမ်းမီးလောင်စေ၏။ လေဖြစ်စေ၏။ အရသာချဉ်သက်၏ဟု ဆိုပါသည်။ ကျေးလက်မတော့ ဝမ်းမှန်ဝမ်းသက်လိုလျှင် စားသုံးလေ့ရှိကြသည်။ နေထိုင်မကောင်းလျှင် ဓာတ်စာအဖြစ်လက်ခြားချဉ်ပေါင်ကို သုံးစွဲကြ၏။ အရသာနှင့် အာဟာရအရ ဆေးဖက်ဝင်မျိုးဖြစ်၍ တန်ဖိုးရှိ၏။

စိုက်ပျိုးနည်းကလည်း အလွန်လွယ်ကူသဖြင့် လူပျင်းပင်ဟုပင်ဆိုကြသည်။ အမှန်ကတော့ ဝင်ငွေရွှင်စေသည့်အပင်လည်းဖြစ်၏။ မီးဖိုချောင်ကရေကပြင်အောက်၊ ရေချိုးစင်၊ တိုင်ကီဘေးအစေ့ပျိုး၊ ပျိုးကိုင်းထိုးထိုး အကျိုးမယုတ်သည့်အပင်ဖြစ်သည်။

မြို့နယ်အတွင်း ဟင်းသီးဟင်းရွက် စိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းစာရင်းကောက်ယူစဉ် တွေ့ရှိရသည့် အတွေ့အကြုံကလေးတစ်ခု တင်ပြချင်ပါသည်။

စာရေးသူ၏ဒေသသည် မိုးအခါရေကြီးရေလွှမ်းခံရလေ့ရှိပြီး၊ မိုးအကုန် ဒီဇင်ဘာလမှစလျက်ရေငန်များဝင်ရောက်လာလေ့ရှိသဖြင့် ချောင်းမြောင်းများအတွင်း ရေချိုလက်ကျန်များကို တမံတုတ် ပိတ်ဆို့သိုလှောင်ထားသည့် ရေချိုဖြင့် တစ်နိုင်တစ်ပိုင် နွေစပါးနှင့်အချို့ဟင်းသီးဟင်းရွက်အနည်းအကျဉ်းမျှ စိုက်ပျိုးကြသည့် သီးထပ်သီးနှံရှားပါးသည့်ဒေသဖြစ်ရာ ရှားပါးသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို နယ်မြေအနှံ့ ခြေဆန့်ရှာဖွေခဲ့ရသည်။ တချို့လယ်အတွင်း သပြေခင်းများ၊ ဖရဲခင်းများ တွေ့ရသဖြင့် ဓာတ်ပုံရိုက်ဖို့ပြင်တော့ တောင်သူများက စိုးရိမ်ကြသည်။

မိုးစပါးမစိုက်ဘဲ လယ်စည်းကမ်းဖောက်လို့ မှတ်တမ်းတင်တာလား၊ အရေးယူမှာလားပေါ့။ ကျွန်တော်ကတော့ ရှားပါးလှသည့်စိုက်ခင်းများကို တွေ့လိုက်ရသဖြင့် ကျေးဇူးတင်နေတာကို သူတို့မသိ။

“ဆရာရယ်၊ ကျွန်တော်တို့က လယ်ဧကလည်း နည်းပါတယ်။ မိုးတွင်းဆိုရေကလည်း နှစ်ကြိမ်သုံးကြိမ်ပြန်စိုက်ရတာများလာတော့လည်း မတတ်နိုင်တော့ဘူး။ ဒါကြောင့် ဝင်ငွေလေးရအောင် သပြေခင်း လုပ်ထားတာပါ”ဆိုသော စကားများဖြင့် တောင်သူများ၏ လက်တွေ့သရုပ်အမှန်ဘဝကို ရှင်းပြကြသည်။ စပါးခင်းကို ကြည့်လိုက်တော့လည်း ရေလွှမ်းခံ ကျို့တိုးကျဲတဲအခင်းလေး၊ သပြေခင်းနဲ့ပေါင်းပါမှ စုစုပေါင်း နှစ်ဧကလောက်ပဲရှိမည်။

နောက်တစ်ရွာဆက်ပြန်တော့ မိုးကုန်စရေချိုနေသေးသည့် ချောင်းနံဘေးရှိ ချဉ်ပေါင်ခင်းများအား ကျေးရွာမှလိုက်ပြသဖြင့် တွေ့ရသည်။ တောင်သူလေးငါးဦး။ တစ်ဦးလျှင် တစ်ဧကခန့် စိုက်ထားကြသည်။ သူတို့ကတော့ မိုးစပါးအပြီး လယ်ရှင်များထံမှ မြေငှားစိုက်သူများဖြစ်သည်။ လယ်ပိုင်မရှိကြ၊ စိုက်တာကတော့ လယ်ရှင်ကစပါးရိတ်ပြီးတဲ့အချိန် စောင့်စိုက်ရတာပါ။ သူမြန်မြန်ရိတ်ရင် ကျွန်တော်တို့လည်း မြန်မြန်စိုက် မြန်မြန်ငွေရတာပေါ့ဟု ပြောကြ၏။

ချဉ်ပေါင်ခင်းက လူ့တစ်ရပ်လောက်ရှိသည်။ အရွက်ခူးပြီး ရွာနီးချုပ်စပ်လှည့်ရောင်းကြရာ ၁၅ ရက်ကို ကျပ်ငွေနှစ်သိန်းလောက်ရကြသည်ဆို၏။

မိုးကုန်မှစိုက်ကြရသည်မို့ကာလက တိုသည်။ နှစ်လတာအပြီး ရေငန်ဝင်လာလျှင် ခူး၍မရတော့။ ဒါဆို မိုးတွင်းမှာပါ စိုက်ဖို့မလုပ်ဘူးလားလို့မေးတော့



လယ်ရှင်က စပါးစိုက်သမို့ စိုက်မရပါတဲ့။ လယ်ရှင်နဲ့တွေ့ပြီး ခင်ဗျားတို့ကရော ဘာလို့ မိုးတွင်းမစိုက်ကြတာလဲမေးတဲ့အခါ ဆရာတို့က စပါးပဲစိုက်ရမယ် ပြောတာလေ။ ကျွန်တော်တို့စိတ်ထဲမှာ မိုးဆိုစပါးစိုက်ဖို့ပဲ အတွေးကြရတာ။ ရှုံးရှုံးမြတ်မြတ်ပေါ့။ တကယ်စိုက်ရမယ်ဆိုရင်တော့ ချဉ်ပေါင်က အကြာကြီးခူးရလို့ ငွေပိုရတာပေါ့တဲ့။

သူတို့က အရွက်ခူးရောင်းဖို့လောက်သာ တွေးသည်။ ကျွန်တော့်အတွေးကတော့ အကြီးကြီးဖြစ်သည်။ သည်လိုနေရာမျိုးမှာ မိုးကာလကတည်းက စစိုက်၊ ရေငန်ပြလာတဲ့အထိထားရင် ချဉ်ပေါင်လျှော်အထိ ထုတ်လို့ရနိုင်မည်။ သူတို့ကတော့ ချဉ်ပေါင်လျှော်ထုတ်၍ရနိုင်သည့်ရိုးတံကို သည်အတိုင်းထား။ ခြောက်လျှင် တချို့က မီးဆိုက်ကြတာလောက်ပဲဖြစ်သည်။ တချို့ကတော့ နွားချည်ကြိုးလေးဘာလေး လုပ်သတဲ့။ ဒါကလည်း အနည်းအပါးပါပဲ။

သည်မှာတင် ကျွန်တော်အတွေးများကို ခြေဆန့်မိ၏။

မိုးတွင်းကာလမှာ စပါးကိုရှုံးရှုံးမြတ်မြတ်စိုက်နေကြမည့်အစား မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း မထိခိုက်ရအောင် ငါးဧကပိုင်ဆိုင်သူကို သုံးဧကစပါးစိုက်၊ နှစ်ဧကကို ဝင်ငွေရအကျိုးရှိ သီးနှံစိုက်ပြီး တောင်သူတွေဝင်ငွေတိုးလာစေချင်သည်။ လယ်ကြားမြောင်းကို တူး၊ ကန်သင်းပြင်၊ မြေညှိစသဖြင့် တစ်စတစ်စ စပါးလည်းရ၊ ဝင်ငွေလည်း တိုးဆိုရင် ပိုကောင်းတဲ့နည်းလမ်းဖြစ်လာလေမလား စဉ်းစားမိရင်း ချဉ်ပေါင်လျှော်အကြောင်း တစေ့တစ်စောင်း တွေးကြည့်နေမိပါသည်။

**ရွှေချဉ်ပေါင်လက်ကြား**
**ကြက်သားနဲ့မလဲပေါင်**
**တို့တောင်သူဝင်ငွေတိုး**
**အကျိုးများအောင်**

**စိုက်ကြစို့မောင် ---**
**ပျိုးကြအောင်လို့ ---**

**ရာသီစာအရွက်စားမယ့်အပြင်**
**စက်မှုပင်လျှော်မျှင်မျိုးမို့**
**ကြိုးစားကြစို့။ ။**

---

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) တို့ ပူးပေါင်းဆောင်ရွက်မည့် သုတေသနလုပ်ငန်း ညှိနှိုင်း ဆွေးနွေး



နေပြည်တော် မတ် ၅

**စိုက်** **ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA)တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းသုံးခုနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများအတွက် စီမံချက်များတင်ပြခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီကကျင်းပရာ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ KOPIAမှ Dr.Kim Dae Ho နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် စီမံကိန်းသုံးခု၏ တာဝန်ခံများက မြန်မာနိုင်ငံတွင် အာလူးမျိုးများဖြန့်ဝေမှု စနစ်ထူထောင်ခြင်း၊ မြန်မာနိုင်ငံတွင် ဂျုံအဓိကစိုက်ပျိုးသည့် စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့၏ ဂျုံထုတ်လုပ်မှု တိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသော ဂျုံမျိုးများဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာပေးသင်တန်းများ ကျင်းပခြင်း၊ မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးသီးနှံအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် သုတေသနနှင့် ပညာပေးလုပ်ငန်းနှင့်ပတ်သက်၍ တင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက တောင်သူများအများဆုံး စိုက်ပျိုးသော သီးနှံများအတွက် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်မည့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို ရှာဖွေဖော်ထုတ်ရန်၊ အာလူးမျိုးများ ဖြန့်ဝေမှုစနစ် ထူထောင်ခြင်းစီမံကိန်းမှ ရောဂါကင်းသော တစ်သျှူးမှ အာလူးမျိုးများရရှိရန်အတွက် စနစ်တကျဆောင်ရွက်ရာ၌ လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကို KOPIA မှ ကြီးကြပ်ကာ သင်ကြားပို့ချစေလိုကြောင်း၊ အရည်အသွေးပြည့်မီသောဂျုံမျိုးများဖြန့်ဖြူးခြင်းနှင့်

စာ - ၁၄ သို့

# ရခိုင်ပြည်နယ် စီးပွားရေးအထောက်အကူပြု အုန်းပင်၊ အုန်းသီးနှင့် အုန်းထွက်ပစ္စည်းများ

ကျွန်းသားငမန်း

**အုန်းသီးသည် မြန်မာလူမျိုးတို့၏ လူမှုရေးနယ်ပယ်တွင် ထဲထဲဝင်ဝင်နေရာယူလျက်ရှိသည်။ ကန်တော့ပွဲများပြင်ဆင်ရာတွင် အုန်းသီးမှာ မပါမပြီး အသီးအနှံတစ်ခုဖြစ်သည်။ တရားပွဲ၊ နတ်ပွဲအုန်းခလေ့မှာ နိုင်ငံတစ်ဝန်း ထွန်းကားလျက် ရှိနေသည်။**



အုန်းပင်ကို နိုင်ငံတစ်ဝန်းမြင်နိုင်သော်လည်း ရေငန်ပိုင်းအရပ်တွင် ပိုမိုဖြစ်ထွန်းသည်။ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် အုန်းပင်ကို အမြောက်အမြားစိုက်ပျိုးကြသည်။ အုန်းပင်သည် ဒေသမရွေးစိုက်ပျိုးနိုင်သော်လည်း ရေချိုအရပ်ရှိ အုန်းပင်၊ အုန်းသီးများထက် ရေငန်အရပ်ထွက် အုန်းပင်များက အုန်းပိုးထိုးခြင်းမှ ပို၍ကင်းလွတ်နိုင်သည်။ အုန်းပင်များကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြသည်။

ရခိုင်ပြည်နယ်တွင် ဂွကမ်းခြေ၊ သံတွဲကမ်းခြေ၊ ကျောက်ဖြူဝန်းကျင်၊ စစ်တွေကမ်းခြေဝန်းကျင်နေရာများတွင် အုန်းခင်းအမြောက်အများကို တွေ့ရှိရသည်။ ထိုအထဲတွင် ရခိုင်ပြည်နယ် မာန်အောင်ကျွန်းသည် အုန်းသီးထုတ်လုပ်မှုဖြင့် ထင်ရှားသည်။

## အုန်းတစ်ပင်လုံး အသုံးဝင်

အုန်းပင်၊ အုန်းသီးနှင့်အုန်းထွက်ပစ္စည်းများကို လူအသုံးအဆောင်များအဖြစ် ပြုလုပ်သုံးစွဲကြသည်။ ထို့အတူ အရေးပါသော စက်မှုကုန်ကြမ်းသီးနှံလည်း ဖြစ်သည်။ အုန်းထွက်ပစ္စည်းများကို လူအသုံးအဆောင်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများတွင်လည်း ထည့်သွင်းအသုံးပြုကြသည်။ အုန်းထွက်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေရရှိနိုင်သည်။ အုန်းပင်သည် ပင်စည်၊ အုန်းရွက်၊ အုန်းသီးအခွံ၊ အုန်းသားဆန်၊ အုန်းမှုတ်ခွံ စသည်ဖြင့် အုန်းတစ်ပင်လုံး အသုံးဝင်လျက်ရှိသည်။

## အုန်းပင် ပင်စည်

အုန်းပင်ကြီးများကို ခုတ်လှဲပြီး အတွင်းမှ အူဆန်များကို ဖယ်ရှားကာ အခြောက်လှန်း၍ လိုသလို ဖြတ်တောက်ကာ နေအိမ်များဆောက်လုပ်ရာတွင် အမျိုးမျိုးအသုံးပြုကြသည်။ ရေလုပ်ငန်းသုံးဖောင်များတွင် အုန်းပင်ခြောက်များကို အသုံးပြုလေ့ရှိကြသည်။ အုန်းပင်စည်များကို တံတားများအဖြစ်လည်း အသုံးပြုကြသည်။

အုန်းလက်ခြောက်များကို ထင်းအဖြစ်အသုံးချခြင်း၊ လက်မှုကျွမ်းကျင်သူများက ပက်လက်ကုလားထိုင်များအဖြစ် ပြုလုပ်အသုံးချခြင်း၊ အုန်းလက်ခြောက်များမှ ရွက်တံများကို အုန်းတံမြက်စည်းအဖြစ် ပြုလုပ်အသုံးပြုကြသည်။ အုန်းတံမြက်စည်းများကို စနစ်တကျပြုလုပ်ခြင်းဖြင့် ဈေးကောင်းရနိုင်သည်။ နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချခဲ့ဖူးကြောင်း သိရသည်။

## အုန်းရည်

အုန်းသီးအရည်တွင် သကြားဓာတ်၊ သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ်များပါဝင်ပြီး ပိုးမွှားကင်းစင်၍ ဆေးဖက်ဝင်သည့် ဂလူကို့စ်အရည်အဖြစ် လူနာများအတွက် အသုံးပြုနိုင်ကြောင်း သိရသည်။ လတ်ဆတ်သော အုန်းရည်သည် အာဟာရဓာတ်ကို ပိုမိုပေးစွမ်းနိုင်သည်။ နွေရာသီ၌ လူအများသောက်သုံးလေ့ရှိတတ်ကြပြီး နိုင်ငံခြားတိုင်းပြည်များတွင် အုန်းသီးရည်ကို စည်သွတ်ရောင်းချနေပြီဖြစ်ရာ မြန်မာနိုင်ငံ ကုန်တိုက်ကြီးများတွင် ဝယ်ယူရရှိနေပြီဖြစ်သည်။

## အုန်းသားအဆန်

အုန်းသားဆန်ကို အရည်ညှစ်၍ အုန်းနို့အဖြစ် စားသုံးလေ့ရှိကြသည်။ အုန်းထမင်း၊ အုန်းသာကူ၊ အုန်းနို့ခေါက်ဆွဲစသည်တို့ကို မြန်မာလူမျိုးတို့ အထွတ်အမြတ်ထား၍ စားသုံးတတ်ကြသည်။ အုန်းထမင်းကို မင်းပွဲ၊ စိုးပွဲများတွင် အထွတ်အမြတ်ထား၍ ချက်ပြုတ်ကျွေးမွေးလေ့ရှိကြသည်။ နိုင်ငံအချို့တွင် ပဲဆီ၊ နှမ်းဆီအစား အုန်းဆီကိုဟင်းချက်ဆီအဖြစ် အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင် ရိုးရာမုန့်များ၌ အုန်းသားဆန်ကို ထည့်သွင်းစားသုံးလေ့ရှိသည်။

အုန်းသားဆန်မှထုတ်ယူသည့် အုန်းဆီကို ဆပ်ပြာချက်လုပ်ရာတွင်လည်း စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုလျက်ရှိသည်။ အုန်းဆီကို ခေါင်းလိမ်းဆီမွှေးအဖြစ်လည်း အသုံးပြုကြပြီး ဆံသားပျော့ပျောင်းခြင်း၊ ဆံသားနက်မှောင်ခြင်းနှင့် ဦးရေပြားအေးခြင်းတို့ကြောင့် အမျိုးသမီးများ အထူးနှစ်သက်ကြသည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် အုန်းဆီကို အမွှေးအကြိုင်များထည့်၍ တန်ဖိုးမြင့် ခေါင်းလိမ်းဆီမွှေးအဖြစ်ပြုပြင်ကာ လှပသပ်ရပ်စွာ ထုပ်ပိုး၍ ဈေးကွက်သို့တင်ပို့ရောင်းချကြသည်။ ရခိုင်ဒေသတွင် အုန်းဆီကို လက်ဆုံဖြင့်ကြိတ်၍ ထုတ်ယူသလို စက်ဖြင့်ကြိတ်၍လည်း ထုတ်ယူလေ့ရှိသည်။ ခေါင်းလိမ်းဆီအဖြစ် အသုံးပြုနိုင်သော အုန်းဆီကို မာန်အောင်ကျွန်းနှင့် သံတွဲမြို့နယ်တို့တွင် အများဆုံးထုတ်လုပ်ရောင်းချလေ့ရှိကြသည်။ လက်ဆုံဖြင့်ထုတ်ယူသော အုန်းဆီက စက်ဆုံဖြင့်ထုတ်ယူသောအုန်းဆီထက်တန်ဖိုးမြင့်ပြီး လူအများကြိုက်နှစ်သက်ကြသည်။ အုန်းသားဆန်ခြောက်ကို နေလှန်း၍လည်း နိုင်ငံခြားသို့ တင်ပို့ရောင်းချကြသည်။

## အုန်းသီးအခွံ

အုန်းသီးအခွံကို အခြောက်လှန်း၍ လောင်စာအဖြစ် အသုံးပြုကြသည်။ အုန်းသီးအခွံများကို ရေစိမ်ထုထောင်း၍ အုန်းဆံမျှင်များထုတ်ယူပြီး အုန်းဆံကြိုးအဖြစ် ထုတ်လုပ်နိုင်သည်။ အုန်းဆံကြိုးသည် ရေလုပ်ငန်းတွင်လည်းကောင်း၊ နေအိမ်များတွင်လည်းကောင်း၊ လှေများတွင်စပ်ကြောင်းများ ဖာထေးရာတွင်လည်းကောင်း အသုံးပြုလေ့ရှိကြသည်။ ရခိုင်ပြည်နယ် သံတွဲနှင့်မာန်အောင်မြို့နယ်များတွင် အုန်းဆံကြိုးစက်များကို နိုင်ငံတော်က ထူထောင်ကာ အုန်းဆံကြိုးများ ထုတ်လုပ်ခဲ့သည်။ တချို့နေရာများတွင် အုန်းဆံကြိုးကို တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ အုန်းဆံကြိုးသည် အကြမ်းခံပြီး တာရှည်ခံသော်လည်း ယခုနောက်ပိုင်းတွင် ဈေးသက်သာသော နိုင်လွန်ကြိုးများပေါ်ထွန်းလာမှုကြောင့် သုံးစွဲမှုနည်းပါးသွားသည်။ အုန်းဆံမျှင်ကို အသုံးပြုသောခြေသုတ်ဖုံကြီးများကို ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များ၊ ရုံးကန္နားများတွင် အသုံးပြုလေ့ရှိကြသည်။ လက်မှုပညာတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြင့်ခြေသုတ်ဖုံများကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချလာနိုင်ကြသည်ကိုလည်း တွေ့လာရသည်။ အုန်းဆံမျှင်အသုံးပြုမွေ့ယာများ၊ ခေါင်းအုန်းများကို ဘိုးဘွားရိပ်သာများ၊ ဆေးရုံများတွင် အသုံးပြုကြသည်။ အပူအအေးမျှတသဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်သည်။ ထိုင်ခုံကူရှင်များတွင်လည်း အုန်းဆံမျှင်များကို ထည့်သွင်းအသုံးပြုကြသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ အုန်းဆံမျှင်များကို နူးညံ့အောင် ပြုပြင်ထုတ်လုပ်လာနိုင်၊ အသုံးပြုနိုင်ကြသည်။ စနစ်တကျသန့်စင်ပြုပြင်ထားသော အုန်းဆံမျှင်များကို ဝယ်ယူလိုကြောင်း ပုဂ္ဂလိကကုမ္ပဏီအချို့ထံ မလေးရှားနိုင်ငံကုမ္ပဏီအချို့က ကမ်းလှမ်းခဲ့ဖူးကြောင်း သိရသည်။

အုန်းဆံမျှင်အသုံးပြုသော ရိုးတန်ရှည် အုန်းဆံတံမြက်စည်းများ၏နေရာတွင် ယခုနောက်ပိုင်း တီထွင်ဆန်းသစ်မှုဖြင့် ပလတ်စတစ်အိတ်တံမြက်စည်းအိမ်ကို အသုံးပြုကာ စနစ်တကျထုတ်လုပ်ရောင်းချလာကြသည်ကို တွေ့ရသည်။ ရခိုင်ဒေသမှ အုန်းဆံမျှင်ထုတ်လုပ်သူများသည် အုန်းဆံမျှင်များကို ရန်ကုန်သို့တင်ပို့ရောင်းချနေကြသည်။ သံတွဲနှင့်မာန်အောင်ဒေသမှ အများအပြားသို့တင်ပို့ရောင်းချနေကြပြီး ရန်ကုန်တွင် အဆင့်မြင့်ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်၍ နိုင်ငံခြားလည်း တင်ပို့ရောင်းချနေကြောင်းလည်း သိရသည်။

## အုန်းမှုတ်ခွံ

အုန်းသားခွံ (အုန်းမှုတ်ခွံ)ကို အုန်းသားမီးသွေးအဖြစ် ထုတ်လုပ်ကြသည်။ ဂွမြို့တွင် အုန်းသားမီးသွေးများကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်သို့တင်ပို့ရောင်းချကြောင်း သိရသည်။ အုန်းသီးကို ခွဲ၍နေလှန်းကာ အုန်းသားဆန်ကိုထုတ်ယူပြီးနောက် အခွံကိုမီးသွေးပြုလုပ်ရခြင်းဖြစ်သည်။ မီးသွေးပြုလုပ်ရာတွင် အုန်းသားခွံကို သံတိုင်ကီအတွင်းသို့ အပြည့်နီးပါးထည့်ပြီး အပေါ်မှနေ၍ မီးရှို့ပေးရသည်။ အုန်းသီးခွံသည် မီးလောင်လွယ်သဖြင့် တိုင်ကီအတွင်းမှ အုန်းခွံများအားလုံး မီးစွဲကုန်ကြပြီး တစ်နာရီဝန်းကျင်ခန့်အကြာတွင် ရေကိုများများလောင်း၍ မီးငြိမ်းကာ မီးကျွမ်းနေသောအုန်းခွံများကို တစ်ရက်လုံး အအေးခံထား၍ အသုံးပြုနိုင်သည့် မီးသွေးခွံကို ရရှိသည်။ အုန်းသားမီးသွေးကို ရေသန့်စက်ရုံများတွင် အသုံးပြုကြသည်။ ဂွမြို့နယ်တွင် အုန်းသီးခွံမီးသွေးထုတ်လုပ်မှုအများအပြားထုတ်လုပ်ပြီး ရန်ကုန်သို့တင်ပို့သည်။

## အုန်းသီးလက်မှုပညာပစ္စည်းများ

အုန်းသီးခြောက်များကို အသုံးပြု၍ နေအိမ်အလှဆင်ပန်းပုရုပ်များ ထုလုပ်ကာ စီးပွားဖြစ်ရောင်းချကြသည်။ အုန်းမှုတ်ခွံကိုအသုံးပြု၍ နာရီကိုယ်ထည်များ၊ အုန်းမှုတ်ခွက်များ၊ အုန်းသားခေါင်းဖြီးဘီးများ၊ မီးအုပ်ဆောင်းများအပြင် အုန်းလက်နှင့်အုန်းပင်စည်ကိုအသုံးပြု၍ အိမ်သုံးပရိဘောဂများအဖြစ် ထုတ်လုပ်သုံးစွဲကြသည်။

## အုန်းသီးဈေးကွက်

အုန်းသီးကို အိန္ဒိယနိုင်ငံသို့ တမူးနယ်စပ်ကုန်သွယ်ရေးမှ အများအပြားတင်ပို့နေရပြီး မောင်တောနယ်စပ်မှလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အခါအားလျော်စွာ တင်ပို့ရောင်းချကြောင်း သိရသည်။

ရှေ့လူကြီးသူမများက "အိမ်တစ်အိမ်တွင် အုန်းပင်ခုနစ်ပင်ခန့်ရှိလျှင် မိန်းမတစ်ဦးအဖို့ အိမ်ထောင်ပြုရန်ပင် မလိုတော့"ဟု အဆိုရှိသည်။ အုန်းပင်တစ်ပင်၏ သီးနှုန်းမှာ လုံးရေ ၁၀၀ မှ ၁၅၀ အထိရှိတတ်ရာ အုန်းပင်မှရသည့် အုန်းသီးနှင့်ဘေးထွက်ပစ္စည်းများက လူတစ်ဦးအတွက် နေထိုင်စားသောက်မှုကို ဖူလုံစေကြောင်း ညွှန်းဆိုခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားတို့သည် မြေလပ်၊ မြေလွတ်ရှိလျှင် နောင်ရေးအတွက် ရည်မျှော်၍ အုန်းပင်ကိုစိုက်ပျိုးလေ့ရှိကြသည်။

ကမ္ဘာကြီးသည် နေ့စဉ်တိုးတက်လျက်ရှိပြီး သဘာဝထွက်ပစ္စည်းများကို မက်မက်မောမော အသုံးပြုလာကြရာ အုန်းပင်၊ အုန်းသီးနှင့်အုန်းသားမီးသွေးထုတ်လုပ်ခြင်း၊ အုန်းရိုးတံမြက်စည်း၊ အုန်းဆံမျှင်တံမြက်စည်း၊ အုန်းသားလက်မှုပညာများ စသည့်အိမ်တွင်းမှုလုပ်ငန်းများဖြင့် အုန်းတစ်ပင်လုံး အသုံးပြုခြင်းအားဖြင့် အုန်းပင်အမြောက်အမြား စိုက်ပျိုးရာ ဒေသနေပြည်သူများအနေဖြင့် အုန်းထွက်ပစ္စည်းများ စနစ်တကျစီးပွားဖြစ် ထုတ်လုပ်ကာ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို များစွာအထောက်အကူပြုလာနိုင်ပြီး မိသားစုဝင်ငွေ ပိုမိုရရှိလာနိုင်ကြမည်ဖြစ်သည်။ ■

---

စာ - ၁၃ စိုက်ပျိုးရေးသုတေသန မှ

စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာပေးသင်တန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မနှင့်ဂေဟဗေဒဌာန၊ ပါမောက္ခ ဒေါက်တာစိုးဝင်းက ဂျုံသီးနှံနှင့်ပတ်သက်၍ ဘွဲ့လွန်ဒီပလိုမာနှင့်မဟာသိပ္ပံကျောင်းသား၊ ကျောင်းသူသစ်များ လက်ခံမည့်အစီအစဉ်ကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရာတွင် KOICA ဘက်မှ လိုအပ်သည့်နည်းပညာသင်တန်းပေးခြင်း သုတေသနလုပ်ငန်းများကို ကိုရီးယားနိုင်ငံတွင် လုပ်ဆောင်စေခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ရလဒ်များပေါ်ထွန်းလာနိုင်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က မြန်မာနိုင်ငံ၌ ဂျုံစိုက်ပျိုးရေးတွင် နည်းပညာလိုအပ်ချက်အရ အထွက်နှုန်းမှာ အခြားသီးနှံများထက် နည်းနေသေးကြောင်း၊ အာလူးနှင့်ပတ်သက်၍ ဟဲဟိုး၊ အင်းခေါင်း၌ Protected Houses များ ဆောက်လုပ်ကာ Hydrophonic Seed Potato Production စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လိုအပ်သော နည်းပညာများကို အောင်ပန်းခြံမှ မျိုးအာလူးသုတေသနလုပ်ငန်းကျွမ်းကျင်သူများက အကူအညီပေးစေလိုကြောင်းနှင့် KOICA မှ Project Expoerts များကလည်း လာရောက်အကူအညီပေးစေလိုကြောင်း ဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက လက်ရှိစိုက်ပျိုးနေသည့် ဂျုံမျိုးများထက် အထွက်နှုန်းသာလွန်သည့်မျိုးသစ်များ ထုတ်လုပ်နိုင်ပါက စီမံကိန်းသုံးနှစ်တာကာလအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | အမျိုးအမည် | ပျဉ်းမနား ၃၁-၃-၁၉ | တက်/ကျ | တပ်ကုန်း ၃၁-၃-၁၉ | တက်/ကျ | လယ်ဝေး ၃၁-၃-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၄၂၀၀၀ | | ၄၂၀၀၀ | တူ | ၄၃၀၀၀ | |
| | မနောသုခ (ရန်ကုန်) | ၂၇၀၀၀ | | ၂၅၀၀၀ | | ၂၆၀၀၀ | |
| | မနောသုခ (ဒေသ) | ၂၇၀၀၀ | တက် | ၂၃၀၀၀ | | ၂၆၀၀၀ | တက် |
| | သုခထွန်း (ဒေသ) | ၂၅၀၀၀ | တက် | ၂၂၀၀၀ | | ၂၅၀၀၀ | တက် |
| | ဧယာ | ၂၆၀၀၀ | တက် | ၂၂၀၀၀ | | ၂၆၀၀၀ | တက် |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၆၀၀၀ | | ၄၈၀၀ | တူ | ၈၀၀၀ | တက် |
| | ငရုတ်ခြောက် (မိုးထောင်) | ၈၀၀၀ | | ၄၈၀၀ | | ၈၀၀၀ | |
| | ငရုတ်ခြောက် (ပွ) | ၁၂၀၀၀ | | ၇၀၀၀ | | ၁၂၀၀၀ | |
| | ကြက်သွန်ဖြူ (ရှမ်း-လတ်) | ၂၂၀၀ | တက် | ၂၀၀၀ | | ၂၅၀၀ | |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၂၅၀၀ | တက် | ၁၆၀၀ | | ၂၆၀၀ | တက် |
| | ကြက်သွန်နီ (ကြီး) | ၈၀၀ | | ၈၀၀ | | ၈၀၀ | |
| | ကြက်သွန်နီ (လတ်) | ၆၀၀ | | ၆၀၀ | | ၆၀၀ | |
| | ကြက်သွန်နီ (သေး) | ၄၀၀ | | ၅၀၀ | | ၄၀၀ | |
| | အာလူး (ကြီး) | ၁၂၀၀ | | ၁၂၀၀ | | ၁၂၀၀ | |
| | အာလူး (လတ်) | ၁၀၀၀ | | ၁၀၀၀ | | ၁၀၀၀ | |
| | အာလူး (သေး) | ၈၀၀ | | ၈၀၀ | | ၈၀၀ | |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၆၅၀၀ | | ၆၅၀၀ | | ၆၅၀၀ | တူ |
| | မြေပဲဆီ (ရိုးရိုး) | ၃၅၀၀ | ကျ | ၅၅၀၀ | | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၆၅၀၀ | တက် | ၆၅၀၀ | | ၆၅၀၀ | |
| | နှမ်းဆီ (ရိုးရိုး) | ၃၅၀၀ | ကျ | ၅၀၀၀ | ကျ | ၃၆၀၀ | |
| | စားအုန်းဆီ (ကန်ဆီ) | ၁၆၀၀ | ကျ | ၁၆၀၀ | | ၁၇၀၀ | ကျ |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၁၀၀၀ | တက် | ၆၀၀ | | ၁၀၀၀ | တက် |
| | ရွှေပဲသီး (ပိဿာ) | ၂၈၀၀ | တက် | ၃၀၀၀ | | ၃၅၀၀ | |
| | ဂေါ်ဖီထုပ် (ထုပ်) | ၄၀၀ | တက် | ၃၀၀ | | ၄၀၀ | တက် |
| | ပန်းမုန်လာ (ပွင့်) | ၄၀၀ | တက် | ၃၀၀ | | ၄၀၀ | တက် |
| | ဂျူးမြစ် (ပိဿာ) | ၂၀၀၀ | | ၁၆၀၀ | | ၂၀၀၀ | |
| | ဂေါ်ရခါးသီး (လုံး) | ၁၅၀ | | ၅၀ | | ၁၈၀ | ကျ |
| | မုန်လာဥနီ (ရှမ်း) (ပိဿာ) | ၁၈၀၀ | | ၁၆၀၀ | | ၂၀၀၀ | |
| | ဘိုစားပဲ (ပိဿာ) | ၂၅၀၀ | | ၁၆၀၀ | | ၃၂၀၀ | |
| | ချင်း (ပိဿာ) | ၂၅၀၀ | တက် | ၂၈၀၀ | | ၂၆၀၀ | တက် |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေးအဟောင်း(ရှယ်) | ၁ အိတ် | ၆၄၀၀၀ | ကျ |
| ပေါ်ဆန်းမွှေးအသစ်(ရှယ်) | ၁ အိတ် | ၄၆၀၀၀ | ကျ |
| မီးဒုံး (အသစ်) | ၁ အိတ် | ၂၉၀၀၀ | - |
| ညို့မထ | ၁ အိတ် | ၂၉၀၀၀ | တက် |
| ငစိန် | ၁ အိတ် | ၂၆၀၀၀ | - |
| ကောက်ညင်းဆန် | ၁ အိတ် | ၄၁၀၀၀ | တက် |
| ကုလားပဲ | ၁ပိဿာ | ၃၈၀၀ | - |
| ပဲနီလေး | ၁ပိဿာ | ၃၉၀၀ | - |
| မြေပဲဆန် | ၁ပိဿာ | ၃၀၀၀ | - |
| ပဲဆီ | ၁ပိဿာ | ၄၅၀၀ | ကျ |
| စားအုန်းဆီ | ၁ပိဿာ | ၂၇၀၀ | ကျ |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၁၁၀၀ | ကျ |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၆၀၀ | - |
| ငရုပ်သီး | ၁ပိဿာ | ၈၀၀ | တက် |
| နနွင်း | ၁ပိဿာ | ၂၀၀၀ | - |
| ဂျင်း | ၁ပိဿာ | ၂၅၀၀ | တက် |
| ခရမ်းသီး | ၁ပိဿာ | ၁၅၀၀ | တက် |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၁၃၀၀ | ကျ |
| အာလူး | ၁ပိဿာ | ၁၅၀၀ | ကျ |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | - |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၁၀၀၀ | - |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | - |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | - |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၁၀၀၀ | - |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | - |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ပိဿာ | ၂၂၀၀၀ | - |
| ငါးနီတူခြောက်(ရှယ်) | ၁ပိဿာ | ၈၅၀၀ | - |
| ငါးနီတူခြောက် | ၁ပိဿာ | ၈၀၀၀ | - |
| ငါးဂျင်လိပ်ခြောက် | ၁ပိဿာ | ၁၀၀၀၀ | - |
| ငါးပိ | ၁ပိဿာ | ၃၆၀၀ | - |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၃၁-၃-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ရေငန်ငါး** | | | |
| ကုလားကုတ် | ၁ ကီလို | ၆၈၀၀ | တူ |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၅၅၀၀ | - |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၄၀၀၀ | - |
| ငါးပါးနီ | ၁ ကီလို | ၆၅၀၀ | - |
| ကျောက်ငါး | ၁ ကီလို | ၄၅၀၀ | - |
| ကုလားငှ | ၁ ကီလို | ၆၀၀၀ | - |
| ဓာဗျက် | ၁ ကီလို | ၂၀၀၀ | - |
| ဓလုံး | ၁ ကီလို | ၅၅၀၀ | - |
| ကြိမ်မွှေ့တောင်း | ၁ ကီလို | ၅၀၀၀ | - |
| ငါးရောင် (ကြီး) | ၁ ကီလို | ၃၅၀၀ | - |
| ငါးရောင် (သေး) | ၁ ကီလို | ၁၅၀၀ | - |
| ငါးသဲတိုး | ၁ ကီလို | ၂၈၀၀ | - |
| ကဏန်းရုံ | ၁ ကီလို | ၁၃၀၀၀ | - |
| ကကတစ် | ၁ ကီလို | ၅၀၀၀ | - |
| ငါးလိပ်ကျောက် | ၁ ကီလို | ၆၀၀၀ | - |
| ငါးမုတ်မဲ | ၁ ကီလို | ၆၅၀၀ | - |
| ငါးမုတ်ဖြူ | ၁ ကီလို | ၉၈၀၀ | - |
| သဲကဏန်း | ၁ ကီလို | ၁၃၀၀၀ | - |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၈၀၀၀ | - |
| ကင်းမွန်(သေး) | ၁ ကီလို | ၄၀၀၀ | - |
| ရေငန်ပုစွန်ကျား (Tiger) | ၁ ကီလို | ၂၂၀၀၀ | - |
| ရေငန်ပုစွန် (Pink) | ၁ ကီလို | ၈၅၀၀ | - |
| ရေငန်ပုစွန်မီးနီ (White) | ၁ ကီလို | ၁၂၀၀၀ | - |
| မျှင်ငါးပိ | ၁ ကီလို | ၂၈၀၀ | - |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၃၀၀၀၀ | - |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၅၀၀၀ | - |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၀၀၀၀ | - |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| | ၃၁-၃-၁၉ | တက်/ကျ |
|---|---|---|
| **ပျဉ်းမနား** | | |
| ပဲမျိုးစုံ (သုံးတင်းအိတ်) | | |
| မတ်ပဲ (၆၀ ပိဿာ) | ၆၄၀၀၀ | |
| ပဲတီစိမ်း (၆၀ ပိဿာ) | ၉၅၀၀၀ | ကျ |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၄၅ ပိဿာ) | ၂၁၀၀၀၀ | တက် |
| နှမ်းနီ (၄၅ ပိဿာ) | ၁၅၀၀၀ | - |
| နေကြာ (ပိဿာ) | ၁၂၀၀ | - |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၈၀၀ | - |
| **တပ်ကုန်း** | | |
| ပဲမျိုးစုံ(တစ်တင်း) | | |
| မတ်ပဲ (၂၀ ပိဿာ) | ၁၈၀၀၀ | - |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၃၅၀၀၀ | ကျ |
| ဆီထွက်သီးနှံ | | |
| နှမ်းနီ (၁၅ ပိဿာ) | ၄၈၀၀၀ | |
| နှမ်းနက် (၁၅ ပိဿာ) | ၇၀၀၀၀ | တက် |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၃၀၀ | |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၆၀၀ | |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၆၅၀ | |
| နေကြာ (ပိဿာ) | ၁၂၀၀ | |
| **လယ်ဝေး** | | |
| ပဲမျိုးစုံ | | |
| မတ်ပဲ (၂၀ပိဿာ) | ၁၉၀၀၀ | တက် |
| ဆီထွက်သီးနှံ | | |
| နှမ်းနက် (၁၅ ပိဿာ) | ၇၀၀၀၀ | တက် |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၂၈၀၀၀ | - |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၅၀၀၀ | ကျ |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၄၀၀ | တက် |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၃-၄-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၀၅၀၀ | |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၄၀၀၀ | |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၉၇၆၇ | တက် |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၁၇၀၀၀ | တက် |
| မတ်ပဲ | ၂၀ ပိဿာ | ၂၄၅၀၀ | တက် |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၂၀၀၀ | |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၂၈၅၀၀ | တက် |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၁၉၀၀၀ | |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၂၉၅၀၀ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ၂၀ ပိဿာ | ၂၅၀၀၀ | တက် |
| ပဲကြီး (ကြီး) | ၂၀ ပိဿာ | ၃၁၆၆၇ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၂၈၀၀ | |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၅၈၃ | ကျ |
| နှမ်းနက် | ၄၅ ပိဿာ | ၂၂၃၃၃၃ | ကျ |
| နှမ်းနီ | ၄၅ ပိဿာ | ၁၇၅၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၃၃၆၇ | ကျ |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၅၀၀ | တက် |
| ငရုတ်ခြောက် (ပွ) | ပိဿာ | ၆၅၀၀ | တက် |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၄၈၃ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၄၈၃ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၇၁၇ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၆၁၇ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၁၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၁၆၇ | ကျ |
| ချင်း | ပိဿာ | ၁၉၀၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၀၀၀ | ကျ |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၅၅၀၀ | ကျ |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၃၀၀ | တက် |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၇၀၀၀ | တက် |
| စားအုန်းဆီ | ပိဿာ | ၁၅၇၀ | တက် |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၃-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ရောဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၄၆၅၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၄၅၀၀ | ကျ |
| ပေါ်ကွဲ | တစ်တင်းခွဲ | ၃၁၀၀၀ | |
| ဧယာ | တစ်တင်းခွဲ | ၂၆၅၀၀ | တက် |
| မနောသုခ | တစ်တင်းခွဲ | ၃၂၀၀၀ | တက် |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၃၅၀၀ | တက် |
| ခေါက်နှမ်းခမ်းဆန် | နှစ်တင်း | ၇၅၅၀၀ | |
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၈၅ | ကျ |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၉၂၇ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၂၅၀ | ကျ |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၁၅၀ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၄၁၇ | တက် |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၅၀၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၈၅၀ | ကျ |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၃၈၅၀ | |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၄၆၀၀ | ကျ |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၆၇ | တက် |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၃၅၀ | ကျ |

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နှံစားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၀ | ကျ |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၉၀၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၅၀၀ | တက် |
| နေကြာ | ပိဿာ | ၈၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၁၀၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၈၀၀ | ကျ |
| ချင်း (အစို) | ပိဿာ | ၁၆၀၀ | တက် |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၁၅၀၀ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၁၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၈၀၀ | |
| ဂေါ်ဖီထုပ် | ထုပ် | ၃၅၀ | တက် |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၃၅၀ | တက် |
| မုန်လာဥနီ | ပိဿာ | ၈၀၀ | တက် |
| ဂေါ်ရခါးသီး | လုံး | ၉၀ | ကျ |
| ဂျူး | ပိဿာ | ၈၅၀ | ကျ |
| ရွှေပဲသီး | ပိဿာ | ၂၅၀၀ | တက် |
| ဘိုစားပဲ | ပိဿာ | ၂၀၀၀ | တက် |
| **သစ်သီးဝလံ** | | | |
| လိမ္မော်သီး | ပိဿာ | ၁၅၀၀ | |
| ထောပတ်သီး | လုံး | ၅၀၀ | |

## ဝက်ပုတ်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်

| အမျိုးအမည် | ရေတွက်ပုံ | ၃-၄-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (မြေပြန့်) | ပိဿာ | ၃၀၀ | |
| ဂေါ်ဖီထုပ် (မြေပြန့်) | ထုပ် | ၂၀၀ | ကျ |
| ပန်းမုန်လာ | ပွင့် | ၂၀၀ | |
| သခွားသီး | ၁၀၀ လုံး | ၅၀၀၀ | |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၄၀၀၀ | တက် |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၆၅၀ | ကျ |
| ရုံးပတီသီး | ၁၀၀ တောင့် | ၅၀၀ | ကျ |
| ကြက်ဟင်းခါးသီး | ၁၀၀ တောင့် | ၅၀၀၀ | |
| ပဲတောင့်ရှည် (တိုင်ပေ) | စည်း | ၇၀၀ | တက် |
| **သစ်သီးဝလံ** | | | |
| ဖရဲသီး | လုံး | ၁၅၀၀ | |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၁-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညို့မထ(၂၅%) | တန် | ၂၀၆၀ယွမ် | - |
| ပဲတီစိမ်း | တန် | ၅၉၀၀ယွမ် | - |
| ပဲပုတ် | တန် | ၃၇၅၀ယွမ် | - |
| ထောပတ်ပဲ | တန် | ၅၅၀၀ယွမ် | - |
| အစေ့ထုတ်ပြောင်း | တန် | ၁၆၅၀ယွမ် | ကျ |
| မြေပဲဆန် | တန် | ၁၂၅၀၀ယွမ် | - |
| နှမ်း | တန် | ၉၇၅၀ယွမ် | - |
| ကြက်သွန်နီ | တန် | ၂၈၀၉ယွမ် | - |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၄၀၀ကျပ် | တက် |
| ဖရဲသီး | တန် | ၂၄၀၀ယွမ် | ကျ |
| RSS 3 | တန် | ၈၂၅၀ယွမ် | - |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၃၇၀၀ဒေါ်လာ | တက် |
| ငါးရှဉ့် | တန် | ၄၂၀၀ဒေါ်လာ | ကျ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၁၁ကျပ် | - |
| ယွမ် | ၁ ယွမ် | ၂၂၅ကျပ် | - |

## အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT    FAQ =Fair Average Quality

| နေ့စွဲ | ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ | မတ်ပဲ Urad(Black Mape) FAQ |
|---|---|---|
| ၂၆.၃.၂၀၁၉ | ၅၈၀ | ၇၀၀ |
| ၂.၄.၂၀၁၉ | ၆၀၂ | ၇၂၆ |

## ပြည်တွင်းဓာတ်မြေဩဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

| အမျိုးအမည် | ၃-၄-၂၀၁၉ ရန်ကုန် | မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၅၅၀၀ | ၂၇၀၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃S)(၄-ရောင်ခြယ်) | ၃၇၅၀၀ | ၄၀၀၀၀ |
| အာမို(၁၅း၁၅း၁၅း၇S) | ၄၀၅၀၀ | ၄၃၀၀၀ |
| ရွှေခြင်္သေ့(၁၅း၇း၈) | | ၂၄၅၀၀ |
| ရွှေခြင်္သေ့(၁၀း၁၀း၅) | | ၁၇၀၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၈၄၀၀ | ၁၇၄၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၃၉၅၀၀ | ၃၈၅၀၀ |
| **တီဆူပါ** | | |
| GTSP 46% | ၂၃၈၀၀ | ၂၁၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၄၅၀၀ | |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | | ၂၃၅၀၀ |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၇၅၀၀ | ၂၇၉၀၀ |
| **မြန်မာ့ဩဘာဓာတ်မြေဩဇာဈေးများ** | | |
| Gပုလဲအလုံးကြီး (၄၆ %) | ၂၇၀၀၀ | ၂၈၆၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၈၂၀၀ | ၃၉၀၀၀ |
| ကောမက်သီးစုံ (၁၀း၁၀း၅) | ၂၇၇၀၀ | ၂၈၂၅၀ |
| Premo | ၄၃၆၀၀ | ၄၇၃၅၀ |

## US$/MT စက်မှုကုန်ကြမ်းဈေးနှုန်းများ

| | | |
|---|---|---|
| **သကြား** | ၂. ၄. ၂၀၁၉ | ၂၆. ၃. ၂၀၁၉ |
| Refined sugar | ၃၃၁ | ၃၃၃ |
| Raw | ၂၈၃ | ၂၈၂ |
| **ကော်ဖီ** | ၂. ၄. ၂၀၁၉ | ၂၆. ၃. ၂၀၁၉ |
| Columbia Mild | ၂၃၄၃ | ၂၃၃၄ |
| Brazilian Natural | ၂၀၆၀ | ၂၀၇၇ |
| Robustas | ၁၆၃၈ | ၁၆၈၃ |
| **ရာဘာ** | ၂. ၄. ၂၀၁၉ | ၂၆. ၃. ၂၀၁၉ |
| RSS - 1 | ၁၇၉၈ | ၁၈၀၁ |
| RSS - 2 | ၁၇၇၉ | ၁၇၈၂ |
| RSS - 3 | ၁၇၆၂ | ၁၇၆၄ |
| RSS - 4 | ၁၇၅၂ | ၁၇၅၅ |
| RSS - 5 | ၁၇၃၈ | ၁၇၄၁ |
| **စားအုန်းဆီ** | ၂. ၄. ၂၀၁၉ | ၂၂. ၃. ၂၀၁၉ |
| RBD P. OLEIN | ၅၂၄ | ၅၂၂ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၃-၄-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဇောတိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၈၀၀၀ | တူ |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၅၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၉၀၀၀ | |
| ညို့မထ | တစ်တင်းခွဲ | ၂၇၇၅၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၆၀၀ | ကျ |
| စားအုန်းဆီ (ပုလွှန်နှစ်ကောင်) | ပိဿာ | ၂၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၆၅၀ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၆၀၀ | |
| ကြက်သွန်နီ (သေး) | ပိဿာ | ၅၀၀ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၅၀၀ | |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၂၆၀၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၇၅၀ | |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း - ၂၂၀ . ၂၆ နယ်စပ်ပြောင်းအရောင်းအဝယ်မရှိပါ။

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

Source : exchangerate.com

| | | ၂-၄-၂၀၁၉ | ၂၅-၃-၂၀၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀. ၈၉၂၇၄၂ | ၀. ၈၈၃၄၀၄ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀. ၇၆၅၉၃၂ | ၀. ၇၅၇၈၉၅ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁. ၄၁၁၇၈၁ | ၁. ၄၀၈၁၄၉ |
| ဂျပန် | (ယန်း) | ၁၁၁. ၃၈၄၁ | ၁၁၀. ၁၀၃၈ |
| တောင်ကိုရီးယား | (ဝမ်) | ၁၁၃၅. ၈၉ | ၁၁၃၄. ၂၅၁ |
| တရုတ် | (ယွမ်) | ၆. ၇၁၉၁၀၅ | ၆. ၇၁၂၂၉၆ |
| အိန္ဒိယ | (ရူပီး) | ၆၈. ၈၉၅၂၉ | ၆၈. ၉၃၄၉၃ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇. ၈၅၀၂၄၈ | ၇. ၈၄၈၄၅၁ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၄. ၀၀၅၁၅ | ၈၄. ၀၀၅၁၅ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၀. ၈၃၇၅၂ | ၃၀. ၈၃၉၁၇ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁. ၃၅၅၂၄၁ | ၁. ၃၅၀၄၇၆ |
| အင်ဒိုနီးရှား | (ရူပီးယား) | ၁၄၂၁၀. ၁၂ | ၁၄၁၅၉. ၈၃ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၂. ၄၄၄၁၇ | ၅၂. ၄၇၇၁၂ |
| ထိုင်း | (ဘတ်) | ၃၁. ၇၅၄၉၃ | ၃၁. ၆၃၂၁၂ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၂၉၁. ၄၃ | ၂၃၂၉၁. ၄၃ |
| မလေးရှား | (ရင်းဂစ်) | ၈. ၀၈၄၈၇၅ | ၄. ၀၆၈၃၂၉ |
| ကမ္ဘောဒီးယား | (ရီးရယ်) | ၄၀၀၀. ၂၅၈ | ၄၀၀၀. ၂၅၈ |
| ဘရူနိုင်းဒါရုစလမ်(ဒေါ်လာ) | | ၁. ၃၅၅၂၄၁ | ၁. ၃၅၀၄၇၆ |
| လာအို | (ကစ်ပ်) | ၈၅၇၅. ၄၁၆ | ၈၅၇၅. ၄၁၆ |

## (US$/MT) ပြည်ပဆန်ဈေးနှုန်း

Source: riceonline.com

| | | ၂-၄-၁၉ | ၂၀-၃-၁၉ |
|---|---|---|---|
| ထိုင်း | 100%B | ၄၂၆ | ၄၂၄ |
| | 5% | ၄၁၁ | ၄၀၈ |
| | 25% | ၄၀၃ | ၄၀၀ |
| | Parboiled | ၄၁၇ | ၄၁၄ |
| ဗီယက်နမ် | | | |
| | 5% | ၃၆၀ | ၃၅၀ |
| | 25% | ၃၄၂ | ၃၃၀ |
| အိန္ဒိယ | | | |
| | 5% | ၃၇၅ | ၃၈၀ |
| | 25% | ၃၄၅ | ၃၃၀ |
| | Parboiled | ၃၉၀ | ၄၁၄ |
| ပါကစ္စတန် | | | |
| | 5% | ၃၅၂ | ၃၅၅ |
| | 25% | ၃၂၀ | ၃၂၂ |
| | Parboiled | ၄၁၀ | ၄၁၀ |

# ချောင်းဆိုးဝေဒနာ သက်သာပျောက်ကင်းစေသည့် ဆေးဖက်ဝင် ရနံ့မွှေးဆီများ

ကြေးမှုံယဉ်

**အအေးမိခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပွားခံစားရတတ်သည့် ဝေဒနာများဖြစ်သည့် ချောင်းဆိုးခြင်း၊ အာသီးရောင်ခြင်းနှင့် ကိုယ်လက်ရောင်ရမ်းနာ ဝေဒနာများအတွက် ဆေးဖက်ဝင်ရနံ့မွှေးအဆီများအနက် အသုံးတည့်လှသည့် ရနံ့မွှေးဆီများ ရှိ၏။**

သုတေသနပြုချက်များအရ အသက်ရှုလမ်းကြောင်းသို့ ဖျန်းပက်သည့် စပရေးများတွင် ယူကလစ်ဆီ၊ ပက်ပါမင့်ဆီ၊ အိုရီဂါနိုဆီ၊ မယ်ရီရှုစ်ဆီတို့ပါဝင်ပြီး ယင်းစပရေးသည် လည်ချောင်းနာခြင်း၊ အသံကွဲအက်ခြင်း၊ အသံဝင်ခြင်းနှင့် ချောင်းဆိုးခြင်းနှင့်ဆက်နွှယ်နေသော ဝေဒနာများစွာကို သက်သာစေနိုင်စွမ်းရှိသည်ဟု ဆိုထား၏။

ယခုဆောင်းပါးတွင် ချောင်းဆိုးခြင်းဝေဒနာကို သက်သာပျောက်ကင်းစေနိုင်စွမ်းသည့် ဆေးဖက်ဝင်ရနံ့မွှေးဆီများနှင့် ယင်းတို့၏ အသုံးဝင်ပုံ၊ ဆောင်ရန်ရှောင်ရန် အချက်အလက်များကို ဖော်ပြထား၏။

ချောင်းဆိုးခြင်းဝေဒနာ သက်သာပျောက်ကင်းစေရန် အထောက်







အကူပြုပေးနိုင်သည့် ဆေးဖက်ဝင် ရနံ့ဆီများစွာရှိ၏။ ရာသီအပြောင်းအလဲကြောင့်ဖြစ်သည့် ဖျားနာခြင်း၊ တုပ်ကွေးဖျားနာခြင်းအပါအဝင် ချောင်းဆိုးခြင်းဝေဒနာကို ဖြစ်ပွားစေနိုင်သည့် အကြောင်းအရင်းများစွာရှိ၏။ ဆေးဖက်ဝင်ရနံ့မွှေးဆီများသည် လည်ချောင်းနာခြင်း၊ အာသီးရောင်ခြင်းတို့ကို သက်သာစေပြီး ချွဲသလိပ်များကိုလည်း ကင်းရှင်းစေ၏။

ဆေးပညာအသိုက်အဝန်းတွင် ဆေးဖက်ဝင်ရနံ့မွှေးဆီများကို ဆေးဝါးများနှင့်ကုထုံးခံယူရန် မပြောပလောက်သည့် ဝေဒနာများအတွက် အစားထိုးကုထုံးအဖြစ် အသုံးပြုနိုင်ကြောင်းဖော်ပြထားကြ၏။ သို့သော် ယင်းအဆီများကိုအသုံးပြုသည့်အခါ လမ်းညွှန်ထားသည့် အချက်အလက်များ၊ အသုံးပြုမည့်ဝေဒနာရှင်၏ အသက်အရွယ်အလိုက် အသုံးပြုရမည့် နှုန်းထားတို့ကို အတိအကျ လိုက်နာအသုံးပြုရန် လိုအပ်လှ၏။

## ယူကလစ်ရနံ့မွှေးဆီ

ယူကလစ်ဆီကို ရေနွေးငွေ့ထုတ်လွှတ်သည့် စက်အတွင်းထည့်သွင်းပြီး ထွက်လာသည့် ရေငွေ့ပြည့်နေသည့်အခန်းအတွင်း နေထိုင်ခြင်း၊ လည်ပင်းနှင့်ရင်ဘတ်တွင် လိမ်းကျံခြင်းတို့ဖြင့် ချောင်းဆိုးခြင်းဝေဒနာကို သက်သာစေရန် လူအများစုက အသုံးပြုခဲ့ကြသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကဖြစ်၏။ ယူကလစ်ဆီတွင် စီနီအိုလ်ဓာတ်ပေါင်းပါဝင်ပြီး အလွန်သေးငယ်သည့်အဏုဇီဝပိုးမွှားများနှင့် ဖျားနာခြင်းကိုဖြစ်ပွားစေနိုင်သည့် ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်စွမ်းရှိ၏။ ထို့မျှသာမက ယူကလစ်ဆီသည် တုပ်ကွေးဖျားနာခြင်းတို့ကြောင့် ဖြစ်ပွားတတ်သည့် နောက်ဆက်တွဲဝေဒနာများဖြစ်သည့် ကိုယ်လက် ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ တောင့်တင်းနာကျင်ခြင်းတို့ကို သက်သာစေနိုင်စွမ်း ရှိ၏။

ချောင်းဆိုးခြင်းဝေဒနာကို သက်သာစေရန်အတွက် ယူကလစ်ဆီကို နည်းလမ်းမျိုးစုံဖြင့် အသုံးပြုကြ၏။ ယူကလစ်ဆီ အစက် အနည်းငယ်ကို ရောစပ်ဆီ တစ်အောင်စနှင့် ရောစပ်ပြီး လည်ပင်းနှင့်ရင်ဘတ်တစ်ဝိုက်တွင် လိမ်းကျံခြင်းဖြင့် ချောင်းဆိုးဝေဒနာကို သက်သာစေနိုင်၏။ ရေနွေးပွက်ပွက်ဆူတွင် ယူကလစ်ဆီအစက်အနည်းငယ်ထည့်ပြီး ထွက်ရှိလာသည့် ရေနွေးငွေ့ကို ရှူရှိုက်ခြင်းဖြင့်လည်း ချောင်းဆိုးရင်ကျပ်ဝေဒနာကို သက်သာစေနိုင်စွမ်း ရှိ၏။

## ရို့စ်မေရီရနံ့မွှေးဆီ

ရို့စ်မေရီသည် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည့် သေးသွယ်မွှေးကြိုင်သော ရနံ့မွှေးချုံပင်တစ်မျိုးဖြစ်ပြီး ယူကလစ်ရနံ့မွှေးဆီကဲ့သို့ပင် စီနီအိုလ်ဓာတ်ပေါင်းပါဝင်၏။ ယင်းကြောင့် သလိပ်များကိုပျော်စေပြီး ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းကို သက်သာစေနိုင်စွမ်း ရှိ၏။

## ပက်ပါမင့်ရနံ့မွှေးဆီ

ပက်ပါမင့်သည် ပင်စိမ်းမျိုးနွယ် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်ပြီး ယင်းအဆီသည် အသက်ရှုလမ်းကြောင်းတစ်လျှောက်တွင် ဖြစ်ပွားတတ်သည့်ဝေဒနာများအတွက် သက်သာပျောက်ကင်းစေနိုင်သည့် သဘာဝဆေးတစ်လက်ဖြစ်၏။ မန်သော်သည် ပက်ပါမင့်မှ ထုတ်ယူထားသည့် ရနံ့မွှေးဆီဖြစ်၏။ ယင်းအဆီကို ရှူရှိုက်လိုက်သည့်အခါ ပူရှိန်းအေးမြသည့်ခံစားမှုကိုရရှိပြီး အာသီးရောင်ခြင်းနှင့် လည်ချောင်းနာခြင်းဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်၏။ ကျန်းမာသူများအတွက် ပက်ပါမင့်ဆီကို ရှူရှိုက်ခြင်းသည် လေပြွန်တစ်လျှောက်ရှိ ကြွက်သားများ၏ပျော့ပျောင်းမှုရှိစေရန် အထောက်အကူပြုကြောင်း ၂၀၁၃ ခုနှစ် ဆေးပညာလေ့လာမှုတစ်ခုတွင် ဖော်ပြထား၏။

ပက်ပါမင့်ရနံ့မွှေးဆီကို ရေနွေးပွက်ပွက်ဆူတွင်ထည့်ပြီး ထွက်ရှိလာသည့် ရေနွေးငွေ့ကို ရှူရှိုက်ခြင်းဖြင့်လည်းကောင်း၊ အခန်းအတွင်း ရေနွေးငွေ့စက်ထားရှိပြီး ယင်းထဲသို့ ပက်ပါမင့်ရနံ့မွှေးဆီကိုထည့်ပြီး ထွက်ရှိလာသည့် ရေငွေ့ဖြင့် နေထိုင်ခြင်း၊ အခြားသောအဆီများနှင့် ရောစပ်ပြီး လည်ပင်းနှင့်ရင်ဘတ်တစ်ဝိုက်တွင် လိမ်းကျံပေးခြင်းတို့ဖြင့် ဝေဒနာကို သက်သာစေနိုင်၏။ **အသက် ၈ နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ပက်ပါမင့်ရနံ့မွှေးဆီကို အသုံးပြုရန် မသင့်တော်ပေ။**

## ဖရန်ကင်ဆန့်ရနံ့မွှေးဆီ

ဖရန်ကင်ဆန့်သည် အရှေ့အာဖရိကနှင့် အာရှနိုင်ငံများတွင် စိုက်ပျိုးဖြစ်ထွန်းသည့် အပင်ကြီးမျိုးဖြစ်ပြီး ယင်းအပင်မှ သဘာဝအတိုင်း အစေးတစ်မျိုးထွက်ရှိပြီး ယင်းကို မီးရှို့လိုက်သည့်အခါ သင်းပျံ့သည့် မွှေးရနံ့ထွက်ရှိလာသည့် အပင်ကြီးမျိုးဖြစ်၏။ ယင်းအဆီကို အမွှေးနံ့သာခဲများလည်းကောင်း၊ ရေမွှေးများတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြ၏။ ယင်းအဆီကို အသက်ရှုလမ်းကြောင်းဆိုင်ရာစနစ်အတွက် အားကောင်းစေရန် ရှေ့အစဉ်အဆက်ကတည်းက အသုံးပြုခဲ့ကြပြီး ချောင်းဆိုးခြင်း၊ နှာစေးပြီး ချောင်းဆိုးခြင်း၊ ချောင်းဆိုးရင်ကျပ်နာခြင်းနှင့် ပန်းနာရင်ကျပ်ဝေဒနာတို့ကို သက်သာပျောက်ကင်းစေနိုင်၏။

## အိုရီဂါနို ရနံ့မွှေးဆီ

အိုရီဂါနိုခေါ် တောရှူးပင်မှထုတ်ယူထားသော ရနံ့မွှေးအဆီသည် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးအဖြစ် လူသိများပြီး ယင်းတွင်ပါဝင်သည့် အစွမ်းထက်လှသော ကာဗာခရောလ်ကွန်ပေါင်းပမာဏမြင့်မားစွာပါဝင်၏။ ကာဗာခရောလ်သည် အဏုဇီဝပိုးမွှားများကို ဆန့်ကျင်နိုင်စွမ်းသတ္တိရှိပြီး ရောဂါများကို ဖြစ်ပွားစေနိုင်သည့် ပိုးမွှားပေါင်းများစွာကိုလည်း တိုက်ဖျက်နိုင်စွမ်းရှိ၏။ ယင်းရနံ့မွှေးဆီသည် ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားပိုးများကြောင့် ဖြစ်ပွားတတ်သည့် ချောင်းဆိုးခြင်းဝေဒနာများကို တိုက်ဖျက်ရာတွင် အထောက်အကူဖြစ်စေ၏။

## စမုန်ဖြူ ရနံ့မွှေးဆီ

စမုန်ဖြူရနံ့မွှေးဆီတွင် အိုရီဂါနိုကဲ့သို့ပင် ကာဗာခရောလ်ကွန်ပေါင်းပါဝင်မှုပမာဏ မြင့်မားစွာပါဝင်သည့်အတွက် ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားပိုးများ၏ရန်မှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။ စမုန်ဖြူရနံ့မွှေးဆီကဲ့သို့ပင် ဘက်ဂမ်မော့လိမော်ရနံ့မွှေးဆီ၊ ဇာတိပ်ဖိုလ် ရနံ့မွှေးဆီနှင့် အမြဲစိမ်းပင်စောက်တစ်မျိုးဖြစ်သည့် ကျောက်ပန်းပင်မှ ထုတ်ယူထားသည့် ကျောက်ပန်းရနံ့မွှေးဆီတို့တွင်လည်း ကာဗာခရောလ်ကွန်းပေါင်း ပါဝင်သည့်အတွက် ယင်းကို ရှူရှိုက်လိုက်သည့်အခါ အေးမြလန်းဆန်းသည့် အာနိသင်ကိုရရှိမည်ဖြစ်၏။ ယင်းတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိကြောင့် ဆိုးကျိုးပေးသည့် ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများကို တိုက်ဖျက်ပေးနိုင်စွမ်းသည့် ဂုဏ်သတ္တိရှိကြ၏။

## ကြွေပန်းရနံ့မွှေးဆီ

ကြွေပန်းရနံ့မွှေးဆီသည် စိတ်ကို ရွှင်လန်းတက်ကြွစေသည့် ပန်းရနံ့သင်းလေးရှိသည့်အတွက် ယင်းကို ချိုးရေအဖြစ် အသုံးပြုရန် ရေပူရေအေးစပ်ပြီး ရေနွေးကန်ထဲထည့်ပြီး စိမ်ပေးခြင်းဖြင့် ကိုယ်ခန္ဓာတွင် ခံစားနေရသည့်ဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်ပြီး ချောင်းဆိုးဝေဒနာကို သက်သာစေနိုင်၏။

## သစ်ကြံပိုးရနံ့မွှေးဆီ

သစ်ကြံပိုးရနံ့မွှေးဆီသည် အသက်ရှုလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်စေတတ်သည့် ရောဂါပိုးမွှားများ၏ တိုက်ဖျက်ခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိ၏။ အခန်းအတွင်းတွင် ရေနွေးငွေ့စက်ထားရှိပြီး ယင်းအထဲသို့ သစ်ကြံပိုးရနံ့မွှေးဆီ အစက်အနည်းငယ်ထည့်ပြီး ထွက်ရှိလာသည့် ရေနွေးငွေ့များနှင့် ပြည့်ဝနေသည့်အခန်းအတွင်း နေထိုင်ခြင်းဖြင့် ချောင်းဆိုးချွဲကျပ်နေသည့် ဝေဒနာခံစားနေရခြင်းမှ သက်သာစေနိုင်၏။

## လက်ဖက်ပင်ရနံ့မွှေးဆီ

လက်ဖက်ပင်ရနံ့မွှေးဆီသည် အသက်ရှုလမ်းကြောင်းစနစ်နှင့် နှာပိတ်ခြင်းဝေဒနာတို့ကို ဖြစ်ပွားစေနိုင်သည့် မကောင်းသော ဘက်တီးရီးယားပိုးမွှားများ ပေါက်ပွားရှင်သန်မှုမှ တားဆီးပေးနိုင်စွမ်းရှိ၏။ လက်ဖက်ရွက်ကို ခူးဆွတ်ကာ လက်ထဲတွင်ခြေပြီး ရှူရှိုက်ခြင်းဖြင့် အအေးမိနှာစေးခြင်း၏ နောက်ဆက်တွဲဝေဒနာများဖြစ်သည့် နှာစေး ချောင်းဆိုးခြင်း၊ ချွဲကျပ်ခြင်းဝေဒနာကို သက်သာစေနိုင်၏။

## အခြားသော ဆေးဖက်ဝင် ရနံ့မွှေးဆီများ

အထက်တွင်ဖော်ပြခဲ့သော ရနံ့မွှေးဆီများ ဝယ်ယူရရှိရန် အခက်အခဲရှိပါက အသုံးပြုနိုင်သည့် အခြားသောအဆီများမှာ ရှောက်သံပရာရနံ့မွှေးဆီ၊ လာဗင်ဒါဆီ၊ စပါးလင်ဆီ၊ ကာမိုမိုင်းဆီ၊ ပင်စိမ်းဆီတို့ဖြစ်၏။

## ရနံ့မွှေးဆီအသုံးပြုပုံ

ရနံ့မွှေးအဆီကို ရေနွေးထဲထည့်ပြီး ထွက်ရှိလာသည့် ရေနွေးငွေ့ကို ရှူရှိုက်ခြင်း၊ ရနံ့မွှေးဆီကို အခြားသောအဆီများနှင့် သတ်မှတ်ထားသည့် အချိုးအဆအတိုင်းရောစပ်ပြီး ဝေဒနာခံစားရသည့်နေရာတွင် လိမ်းကျံပေးခြင်း၊ နှာခေါင်းနှင့် ပါးစပ်မှတစ်ဆင့်ရှူရှိုက်ခြင်း၊ ရေနွေးစိမ်ချိုးခြင်း၊ အခန်းထဲတွင် ရေငွေ့ပျံစက်မှတစ်ဆင့် ထွက်ရှိသည့် ရနံ့မွှေးဖြင့် နေထိုင်ခြင်း အစရှိသည့် အသုံးပြုနိုင်၏။ လူတစ်ဦးချင်းခံစားနေရသည့် ဝေဒနာအပေါ်မူတည်ပြီး နည်းလမ်းများကို ရွေးချယ်အသုံးပြုနိုင်၏။

## ရောစပ်အသုံးပြုသင့်သည့်အဆီများ

ရနံ့မွှေးဆီများကို တိုက်ရိုက်အသုံးပြုခြင်းမဟုတ်ဘဲ ညွှန်းဆိုထားသည့် အချိုးအဆအတိုင်း ရောစပ်ပြီးမှသာ အရေပြားပေါ်တွင် လိမ်းကျံအသုံးပြုရမည်ဖြစ်၏။ ရောစပ်အသုံးပြုနိုင်သည့် အဆီများမှာ အုန်းဆီ၊ သံလွင်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊ အခွံမာအစေ့အဆံ အဆီများ၊ နှမ်းဆီ၊ နေကြာဆီ၊ စပျစ်သီးစေ့အဆီတို့ဖြစ်၏။

ရနံ့မွှေးဆီအနည်းငယ်ကို လက်ကိုင်ပုဝါသို့မဟုတ် တစ်ရှူးတွင်ဆွတ်ပြီး ခံတွင်း သို့မဟုတ် နှာခေါင်းအနားတွင်ထားပြီး ရှူရှိုက်ပေးခြင်းဖြင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ဝေဒနာများနှင့် ချောင်းဆိုးရင်ကျပ်ဝေဒနာများကို သက်သာပျောက်ကင်းစေနိုင်၏။ ■



## ဘားအန္တရာယ်ကင်းရှင်း၍ အရည်အသွေး ကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ နည်းပညာပေးသင်တန်း ကရင်ပြည်နယ်တွင် ဖွင့်လှစ်

ဘားအံ မတ် ၂၈

**ကရင်** ပြည်နယ်အတွင်း ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ Mekong Lancang အထူးရန်ပုံငွေအဖွဲ့၏ အထောက်အပံ့ဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ရဲသူရခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး (ပုံ) စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသူရစိုးနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ တောင်သူလယ်သမားများနှင့် သင်တန်းသား၊ သင်တန်းသူ ၆၆ ဦးတို့ တက်ရောက်ကြသည်။

မြတ်သဉ္ဇာလှိုင်

## အာလူးစိုက်ပျိုးမှုဆိုင်ရာ လက်တွေ့လမ်းညွှန်ချက် သင်တန်း ကလောတွင် ဖွင့်လှစ်

ကလော မတ် ၁၅

**ရှမ်း** ပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးဥယျာဉ်ခြံတွင် အောင်မြင်သောအာလူးစိုက်ပျိုးမှုဆိုင်ရာ လက်တွေ့လမ်းညွှန်ချက် သင်တန်းကို ယနေ့မှ မတ် ၁၅ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသည်။

ရေမြေရာသီဥတုပေါ်မူတည်ပြီး မတူညီတဲ့အာလူးစိုက်စနစ်တွေနဲ့ မျိုးရွေးချယ်ပုံတွေ၊ အာလူးစိုက်ပျိုးရာမှာ ကြုံတွေ့နိုင်တဲ့ပြဿနာတွေ၊ အာလူးခြောက် လုပ်ငန်း၊ အာလူးကြော်လုပ်ငန်းစတဲ့ အာလူးထွက်ကုန်ချောထုတ်လုပ်မှု အဆင့်ဆင့်ကို အကျွမ်းတဝင်ပိုမိုသိရှိကြပြီး အာလူးစိုက်ပျိုးတဲ့ဒေသအသီးသီးက ဝန်ထမ်းတွေ ကျွမ်းကျင်မှု အရည်အသွေးကို မြှင့်တင်ပေးခြင်းဖြင့် တောင်သူတွေကို နည်းပညာနဲ့အကူအညီများ ဝန်ဆောင်မှုပေးတဲ့အခါမှာ ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ကြဖို့ ရည်ရွယ်ပြီး ယခုသင်တန်းကို ကျင်းပရခြင်း ဖြစ်ပါတယ်” ဟု ဟဲဟိုးခြံဦးစီးမှူး ဦးညီညီအောင်က ပြောကြားသည်။

အဆိုပါသင်တန်းတွင် အာလူးစိုက်ပျိုးသော ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်၊ မိုင်းအင်ဥယျာဉ်ခြံ၊ ပင်လောင်းဥယျာဉ်ခြံ၊ အင်တိုင်းသာဥယျာဉ်ခြံ၊ လှိုင်းတက် VFRDC၊ နေပြည်တော် (ရုံးချုပ်)၊ ဟဲဟိုးဥယျာဉ်ခြံမှ ဝန်ထမ်းများအား TOT သင်တန်း ပို့ချပေးခြင်းဖြစ်သည်။

သင်တန်းတွင် စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခ (ငြိမ်း) ဆရာကြီး ဦးတင်ညွန့်က မြန်မာနိုင်ငံတွင် အာလူးစိုက်ပျိုးမှုနှင့်ပတ်သက်၍ မျိုးရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ မြေဩဇာသုံးစွဲခြင်း၊ ရောဂါပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ နိုင်ငံတကာ အာလူးစိုက်ပျိုးနည်းစနစ်များ၊ အာလူးတူးဖော်ခြင်းနှင့်သိုလှောင်ခြင်း ဘာသာရပ်များကို ပို့ချဆွေးနွေးသည်။



သင်တန်းကာလအတွင်း နောင်တရားရှိ တောင်သူ ဦးခွန်ဆန်းဦး၏ အာလူးစိုက်ခင်းတွင် ရေဖျန်းစနစ်နှင့် ရေအစက်ချစနစ်တို့ဖြင့် ရေပေးသွင်းမှုစနစ်များဖြင့် တရုတ်မျိုး၊ အိန္ဒိယမျိုးများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ နောင်တရားမြို့တွင်းရှိ အာလူးခြောက်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်းများကိုလည်းကောင်း၊ အင်းလေးကန် အနောက်ဘက်ကမ်းရှိ အာလူးမျိုးထုတ် စိုက်ခင်းများကိုလည်းကောင်း၊ အောင်ပန်းမြို့ရှိ Aventine Co.,Ltd ၏ အအေးခန်း သိုလှောင်ရုံကိုလည်းကောင်း၊ ဟဲဟိုးမြို့၊ ပုန်းအင်းရွာရှိ အာလူးစိုက်ခင်းများကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။ စိုက်ပျိုးရေးဦးစီးဌာန

## အသစ်ပြင်ဆင်ပြဋ္ဌာန်းမည့် ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ညှိနှိုင်း ဆွေးနွေး





နေပြည်တော် မတ် ၂၈

**စိုက်** ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၆ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ သို့သော် ဥပဒေပုဒ်မများသည် အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ (UPOV Convention)က ချမှတ်ထားသည့် ဥပဒေပုဒ်မများနှင့် ကိုက်ညီမှုရှိရန် လိုအပ်သဖြင့် ယင်းဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန်နှင့် ဖြည့်စွက်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လက်ရှိဥပဒေပုဒ်မများကို ပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းများ ဆောင်ရွက်ပြီး ၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေး အဆိုပြုဥပဒေ (မူကြမ်း)ကို အခန်း ၁၁ ခန်း၊ ပုဒ်မ ၄၆ ခုဖြင့် အသစ်ပြဋ္ဌာန်းရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတို့၌ အသီးသီးတင်ပြ၍ စိစစ်ပြင်ဆင်ခဲ့ပြီး အဆိုပါ အဆိုပြုဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်က ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ မတ် ၁ ရက်နှင့် ၁၁ ရက်တို့၌ တတိယ၊ စတုတ္ထနှင့် ပဉ္စမအကြိမ်အဖြစ်လည်းကောင်း၊ အခန်းတစ်ခုချင်း အဆိုပြုပုဒ်မအပိုဒ်တစ်ပိုဒ်ချင်းစီအပေါ် စိစစ်ပြီး သုံးသပ်ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အဆိုပြုဥပဒေမူကြမ်း ဆွေးနွေးခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း ဦးဆောင်ကာ ဒေါက်တာမင်းစံသိန်း၊ ဒေါက်တာ ပပဝင်းနှင့် ဒေါ်ဖြူဖွေးတို့တက်ရောက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

## သံတောင်ကြီးမြို့နယ်တွင် Organic ကော်ဖီဧက ၅၀၀၀ စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဘားအံ မတ် ၂၈

**ကရင်** ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထိုက်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီက Organic ကော်ဖီဧက ၅၀၀၀ စိုက်ပျိုးရေးနှင့် ဌာနပိုင် ရွှေညောင်ပင်သစ်သီးဥယျာဉ်ခြံအတွင်း လိုင်ချီး၊ လောင်ဂန်၊ ကျွဲကော၊ ထောပတ်၊ ကြက်မောက်၊ လိမ္မော်၊ ဒူးရင်း၊ မင်းကွတ်၊ ကော်ဖီ၊ နာနတ်ပွင့်၊ လက်ဖက်၊ ဖာလာစသည့်သီးနှံများ လေ့ကျင့်ကားထစ်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ပံ့ပိုးပေးကြသည်။

ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ တိုးတက်စေရန်၊ ပုဂ္ဂလိကလယ်ယာလုပ်ငန်း ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသထွက်တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။

တောင်ငူ-ပျားစခန်းကျေးရွာ လမ်းခွဲ သူငွေးကုန်းကျေးရွာ၌ အာနန္ဒကုမ္ပဏီ၏ ကိုကိုးစိုက်ခင်းနှင့် Vanilla Orchid စိုက်ခင်းများသို့ သွားရောက် အားပေးကာ လိုအပ်ချက်များ ပံ့ပိုးပေးသည်။

ဆက်လက်၍ လိပ်သိုမြို့ သံမိုးတောင်ကျေးရွာ Knowledge Center၊ ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လိပ်သို)



ကျောက်တိုင်ခြံများသို့ သွားရောက်ကာ Organic ကော်ဖီစိုက်ဧက ၅၀၀၀ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြသည်။ ရီရီစိန်

# မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ ၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော ချထားမြေ ၁၄၄၈၆၇၆ ဧက ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်း

နေပြည်တော် မတ် ၁၈

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ် ၁၅ ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားသည်။ (ပုံ)**



ယခုအစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဝင်များ တက်ရောက်ကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက ဆွေးနွေးဆုံးဖြတ်ရမည့် အကြောင်းအရာတစ်ခုချင်းတင်ပြပြီး ဆွေးနွေးဆုံးဖြတ်ကြသည်။

ယနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြေပြင်အမှန်တကယ်စိုက်ပျိုး လုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေ များအား ခွင့်ပြုမိန့်ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့် စာအသစ်ထုတ်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ကော်မတီများမှ တင်ပြလာမှုများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ(မူကြမ်း) နှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာနတို့က အကြံပြုချက်များ၊ ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူပင် ယခုအစိုးရကာလ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထား လာသည့်လုပ်ငန်းစာတွဲများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၃/၂၀၁၆) အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည် တင်ပြလာသည့်ကိစ္စရပ်များ၊ ယခင်ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ ဗဟိုကော်မတီက ခွင့်ပြုထားသည့် မြေလွတ်၊ မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားလာသည့်လုပ်ငန်းစာတွဲများ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းကို သီးခြားကိစ္စရပ်အနေဖြင့် ကြိုတင်ခွင့်ပြုပေးနိုင်ပါရန်ကိစ္စများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ညှိနှိုင်းလာသည့်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယနေ့ပြုလုပ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အဖွဲ့အစည်းအဝေးသည် လက်ရှိအစိုးရကာလတွင် ၁၈ ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ စည်းကမ်းချက်သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှု မရှိသော လုပ်ကိုင်ခွင့်ချထားမြေ ၁၄၄၈၆၇၆ ဧကကို ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းခဲ့ပြီ ဖြစ်သည်။**MOALI ပြန်ကြားရေး**



# ကရင်ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦး လယ်ယာကဏ္ဍ တိုးတက်ရေး ဖာပွန်ခရိုင်တွင် ကွင်းဆင်း ဆောင်ရွက်

ဘားအံ မတ် ၂၃

**ကရင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် ယနေ့နံနက် ၇ နာရီခွဲတွင် ဖာပွန်ခရိုင် အောင်ဖာပွန်မြို့မှဒ်ဦးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး နံနက် ၁၁ နာရီခွဲတွင် ဖာပွန်မြို့ရေပေးဝေရေးအတွက် သောက်သုံးရေ၊ သုံးရေအလုံအလောက်ရရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ရေလှောင်ကန်တာဝန်ယူတည်ဆောက်နေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (ပုံ)**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဖာပွန်ခရိုင်ဦးစီးမှူးရုံးရှိ ခရိုင်/မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံမှာကြားကာ ခရိုင်နှင့်မြို့နယ်ဝန်ထမ်းများအား ဝန်ကြီး ဦးစောမြင့်ဦးက အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဖာပွန်မြို့နယ် တခွန်တိုင်ကျေးရွာ တောင်သူ ဦးရွှေထွန်း၏ လယ်မြေတွင် အီးအမ်ဘိုကာရှိမြေဆွေးပုံပြုလုပ်ထားရှိမှုကို သွားရောက်လေ့လာကာ တောင်သူများနှင့်တွေ့ဆုံ၍ နွေစပါးစိုက်ပျိုးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး ပြီး လက်ကမ်းစာစောင်များနှင့် လယ်ယာစီးပွားသတင်းဂျာနယ်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ ဝန်ကြီး ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ကမမောင်းမြို့ အမှတ် ၂ ရပ်ကွက်၌ "မြစိမ်းရောင် (ငါးကဏ္ဍ)အရင်းမပျောက်မတည်ငွေပဥ္စမအကြိမ် ပေးအပ်ပွဲ" အခမ်းအနားသို့ တက်ရောက်ပြီး မြစိမ်းရောင်ကြီးကြပ်ရေး ဥက္ကဋ္ဌပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

မြစိမ်းရောင် (ငါးကဏ္ဍ)အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ မှ ယနေ့အထိ အတိုးရရှိငွေကျပ် ၂၁၂ သိန်း၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၁၂ သိန်းကို မြစိမ်းရောင်ကြီးကြပ်ရေးဥက္ကဋ္ဌ ဝန်ကြီး ဦးစောမြင့်ဦးက မြစိမ်းရောင်အသင်းသူ၊ အသင်းသားများထံသို့ ပေးအပ်သည်။

**ရီရီစိန်**

# စိုက်ပျိုးရေးဦးစီးဌာန၊KOICA နှင့် Korea Climate Change Center မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၂၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း (ကျေးရွာသစ်လူပ်ရှားမှုစီမံကိန်း) သဘောတူညီမှုမူဘောင်အောက်တွင် ဆောင်ရွက်မည့် စိုက်ပျိုးရေးဦးစီးဌာန Korea Climate Change နှင့် KOICA တို့ မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းသဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ KOICA ဌာနေကိုယ်စားလှယ် Ms.Lee Youn Soo နှင့် Korea Climate Change Center အတွင်းရေးမှူးချုပ် Ms.Sohee Kim တို့ တက်ရောက်ကြသည်။ (ပုံ)**




လူသားတို့၏ နေ့စဉ်စွမ်းအင်သုံးစွဲမှုများ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုများကို ယနေ့ကမ္ဘာသူ ကမ္ဘာသားများ ခံစားနေကြရသကဲ့သို့ နောင်မျိုးဆက်များအတွက် အမွေဆိုးအဖြစ် မကျန်ရစ်စေရန် နိုင်ငံတကာမှ အဖွဲ့အစည်းအသီးသီးတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနသည် KOICA နှင့် Climate Change Center တို့ပူးပေါင်း၍ အသေးစားကာဗွန်

စာ – ၇ သို့